စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း

မိတ်ဆက်အစည်းအဝေးတွင် အသုံးပြုရန်

## စီမံကိန်းလက်စွဲ ကောက်နုတ်ချက်

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ

# မာတိကာ

၁။ နိဒါန်း ........ ၃

၂။ စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲ ဖွဲ့စည်းမှု ........ ၅

၃။ စီမံကိန်းအကျဉ်းချုပ် ........ ၆

၃-၁။ ပါဝင်သော အစိတ်အပိုင်းများ ........ ၆

၃-၂။ ငွေကြေးစီးဆင်းပုံ ........ ၇

၃-၃။ စီမံကိန်းမြို့နယ်များ ........ ၇

၃-၄။ အဖွဲ့အစည်းများ ဖွဲ့စည်းမှု ........ ၇

၄။ မြို့နယ်ရွေးချယ်မှုလုပ်ငန်းစဉ် ........ ၁၁

စီမံကိန်းမြို့နယ်များရွေးချယ်မှုအတွက် သတ်မှတ်ချက်၊ စံနှုန်းများ ........ ၁၃

၅။ လူထုသို့ တိုက်ရိုက် ထောက်ပံ့ငွေများ ........ ၁၆

၅-၁။ တွက်ချက်ခြင်းနှင့် အသုံးပြုခြင်း ........ ၁၆

၅-၂။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေများ ထုတ်ပေးခြင်း ........ ၁၉

၆။ လူထုစီမံချက် ........ ၂၀

၆-၁။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ........ ၂၀

၇။ ရပ်ရွာကော်မတီများ ........ ၂၁

၇-၁။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ ၂၁

၇-၂။ ကျေးရွာအုပ်စု အကြံပြုချက်ဖြေရှင်းရေးကော်မတီ ........ ၂၂

၇-၃။ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီနှင့် ဆပ်ကော်မတီများ ........ ၂၂

၇-၄။ ငွေစာရင်းကိုင်နှင့် ကျေးရွာ စေတနာ့ဝန်ထမ်းများ ........ ၂၃

၇-၅။ အကြံပြုချက်ဖြေရှင်းရေးအဖွဲ့ ........ ၂၃

၈။ လူမှုဆိုင်ရာ ပူးပေါင်းပါဝင်မှုကဏ္ဍ ........................................................ ၂၄
၈-၁။ ကျား/မ ဆိုင်ရာ ကဏ္ဍ ........................................................ ၂၄
၈-၂။ တိုင်းရင်းသားများနှင့် အခြားအုပ်စုများ........................................................ ၂၆
၈-၃။ မသန်စွမ်းမှုဆိုင်ရာ ........................................................ ၂၇

၉။ စီမံကိန်းအချက်အလက် နည်းပညာ ........................................................ ၂၇

၁၀။ အစီရင်ခံခြင်း ........................................................ ၂၈

၁၁။ အကြံပြုချက်ဖြေရှင်းရေးနှင့် တာဝန်ယူ တာဝန်ခံမှု ........................................................ ၂၉
၁၁-၁။ ကျင့်ဝတ်နှင့် အရေးယူမှုများ........................................................ ၂၉
၁၁-၂။ အရေးယူမှုများ ........................................................ ၃၁

၁၂။ အသိပညာနှင့် သင်ယူခြင်း ........................................................ ၃၁
၁၂-၁။ ဆက်သွယ်ရေး........................................................ ၃၁
၁၂-၂။ စီမံကိန်း သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ပွဲ ........................................................ ၃၂
၁၂-၃။ လေ့လာရေးခရီးများ........................................................ ၃၄

၁၃။ အသိပေးကြေညာခြင်း........................................................ ၃၄

၁၄။ အရေးပေါ်ကိစ္စ တုံ့ပြန်ဖြေရှင်းခြင်း ........................................................ ၃၅

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ ........................................................ ၃၆

စီမံကိန်းပထမနစ်တွင် အကျုံးဝင်သောလုပ်ငန်းခွဲများ ........................................................ ၃၉

အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းများ........................................................ ၄၀

# အခန်း [၁]
# စီမံကိန်းအချက်အလက်များ

## ၁။ နိဒါန်း

၁။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ကို မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံနှင့် လူထုလိုအပ်ချက်များအား ဖြည့်စွမ်းပေးမည့် စီမံကိန်းအဖြစ် ၂၀၁၃ ခုနစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DRD) မှ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ရေးအတွက် လိုအပ်သည့် ငွေကြေးအထောက်အပံ့များ၊ စီမံကိန်းလုပ်ငန်းရွေးချယ်ရာတွင် ကျေးလက်နေပြည်သူများ၏ ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် စီမံကိန်းအကြောင်း ကြိုတင်မိတ်ဆက် ဆွေးနွေးခြင်း၊ စွမ်းဆောင်ရည်မြင့်မားလာစေရန် ကဏ္ဍအလိုက် နည်းပညာပိုင်းဆိုင်ရာသင်တန်းပေးခြင်းတို့ကို ကူညီ ပံ့ပိုးပေးခဲ့ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းနှစ်များအတွင်း ကျေးလက်နေ လူဦးရေ ခုနစ်သန်းခန့်အား အကျိုးပြုကာ လက်လှမ်းမီ အသုံးပြုနိုင်သော အခြေခံအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများ ပြုပြင်ခြင်းနှင့် တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ဆေးရုံ/ဆေးခန်းများ ပြုပြင်တည်ဆောက်ပေးခြင်း၊ လူသွားလမ်းများဖောက်လုပ်ပေးခြင်း၊ ဆိပ်ခံတံတားများ တည်ဆောက်ပေးခြင်း အစရှိသည့် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၄၀၀ ကျော်အား ငွေကြေးထောက်ပံ့မှုများအပြင် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုများပါ ပံ့ပိုးပေးခဲ့နိုင်သည်။ စီမံကိန်းအား နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၆၃ မြို့နယ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်၍ လူဦးရေ ၇ သန်း၏ ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုပေးနိုင်မည် ဖြစ်ပါသည်။

၂။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ၏ ရည်မှန်းချက်မှာ ကျေးလက်ဒေသနေ ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို ပြည်သူ့ဗဟိုပြုသောနည်းလမ်းဖြင့် လက်လှမ်းမီ အသုံးပြုနိုင်ရန်နှင့် ပြည်သူလူထုအား စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်တို့ ဖြစ်ကြသည်။ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ (၁) ကျေးရွာလူထုမှရွေးချယ်သော စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်ရန်ပုံငွေထောက်ပံ့ပေးခြင်း၊ (၂)ကျေးလက်နေပြည်သူများ၊ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ရေးဆွဲခြင်းနှင့် စီမံကိန်းများ အကောင်အထည်ဖော်ခြင်းတို့ဖြင့် စွမ်းဆောင်ရည်များ မြင့်မားလာစေခြင်း (၃) စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်သည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဆင်းရဲနွမ်းပါးသူများ၊ လူနည်းစုအုပ်စုများ ကျား-မ မရွေး ပူးပေါင်းပါဝင်စေခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ စီမံကိန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI) လက်အောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ကို နိုင်ငံတော်အစိုးရ၏ ထည့်ဝင်ငွေများ၊ ကမ္ဘာ့ဘဏ်နှင့် အီတလီအစိုးရတို့၏ ရန်ပုံငွေများ၊ စုစုပေါင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၃၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအထိ လျာထားလျက် ရှိပါသည်။

၄။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေး လက်စွဲစာအုပ်တွင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များနှင့် စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်မည့်သူများနှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များ၊ သက်ဆိုင်ရာ အခန်းကဏ္ဍများနှင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းဖော်ပြထားပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော အချက်များသည် မြို့နယ်အဆင့် ကျေးလက်/ဦးစီးရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြို့နယ်အဆင့် နည်းပညာအကြံပေးများ၊ ကျေးရွာ/ကျေးရွာအုပ်စု ကော်မတီများနှင့် လက်တွဲဆောင်ရွက်ရမည့် လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ ဖတ်ရှုလိုက်နာရမည့် အချက်များ ဖြစ်သည်။ ထို့ပြင် ဤလက်စွဲစာအုပ်တွင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာတို့အား ပျက်စီးစေမှု/ထိခိုက်စေမှုမရှိစေဘဲ ရေရှည်တည်တံ့အကျိုးပြုစေရေး မူဝါဒများအား လမ်းညွှန်ဖော်ပြထားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲရေးမူဘောင် (ESMF) ကို လိုက်နာဆောင်ရွက်ရမည့်အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြထားပါသည်။

၅။ ကျေးလက်/ဦးစီးဌာနသည် ဤလက်စွဲစာစောင် ထွက်ပေါ်လာစေရေးအတွက် အခြားသော ဆက်စပ်လျက်ရှိသည့် (INGO) များ၊ (NGO) များ၊ (CSO) များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အခြားဌာနဆိုင်ရာများနှင့် (DPS) တို့၏ ဆွေးနွေးအကြံပြုချက်များအား ရယူခဲ့သည့်အပြင် ဩဂုတ်လ ၂၀၁၄၊ ၂၀၁၅ ခုနှစ်နှင့် စက်တင်ဘာလ ၂၀၁၆ ခုနှစ်များအတွင်း ပြုလုပ်ကျင်းပခဲ့သော ဖိုရမ်များ၊ သုံးသပ်ဆွေးနွေးပွဲများမှ အတွေ့အကြုံများ၊ အခက်အခဲများနှင့် သင်ခန်းစာများကို ရယူပြင်ဆင်ခဲ့ပြီး ကမ္ဘာ့ဘဏ်သို့ အစီရင်ခံတင်ပြကာ ကမ္ဘာ့ဘဏ်မှ အတည်ပြုချက် ရယူ ဆောင်ရွက်ခဲ့ပါသည်။ တစ်စုံတစ်ရာ ပြင်ဆင် ဖြည့်စွက်ခြင်းများရှိပါက ကျေးလက်/ဦးစီးမှ စာဖြင့် တရားဝင် အကြောင်းကြား၍ ဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤလက်စွဲစာအုပ်သည် စီမံကိန်းမြို့နယ်များအတွက် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် တစ်သမတ်တည်း ပုံစံများအား လမ်းညွှန်မှုပေးထားပါသည်။ စီမံကိန်းလက်စွဲကို အခြေခံ၍ အသေးစိတ် လေ့လာနိုင်သည်။ သို့သော် လက်စွဲစာအုပ်အနေဖြင့် ကိစ္စတိုင်း၊ အခြေအနေတိုင်းအား ဖြေရှင်းမပေးနိုင်သည့်အတွက် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သူများအနေဖြင့် မိမိတို့၏ လုပ်ဆောင်ချက်များမှရရှိသော အတွေ့အကြုံများကို အသုံးပြု၍ ဤလက်စွဲစာအုပ်ကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ကာ အသုံးပြုရပါမည်။ ကျေးလက်/ဦးစီးသည် စီမံကိန်းအကောင်အထည်ဖော်သည့် မြို့နယ်များ မတူညီသည့်အတွက် မိမိတို့ဒေသ အခြေအနေနှင့်

ကိုက်ညီစေရန် လက်စွဲအား ပြုပြင်ရန် လိုအပ်လာပါက ကမ္ဘာ့ဘဏ်သို့ တင်ပြ အကြောင်းကြားပြီးမှ အတည်ပြုချက် ရယူ ပြင်ဆင်ရမည်။

၇။ လုံခြုံရေးအခြေအနေအရ ခက်ခဲသော မြို့နယ်များတွင် စီမံကိန်းအကောင်အထည်ဖော်သည့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် ဒေသတွင်းရှိ သက်ဆိုင်သူများ၏ အကြံပြုမှုတို့အား ထပ်မံ ရယူဆောင်ရွက်ရမည် ဖြစ်သည်။ ကျေးလက်/ဦးစီးနှင့် ကမ္ဘာ့ဘဏ်တို့အနေဖြင့် ထိုမြို့နယ်တို့တွင် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ မစတင်မီ လုံခြုံရေးဆန်းစစ်မှုကို စစ်ဆေးရမည်။ လုံခြုံရေးမရှိပါက ပြောင်းလဲ ဆောင်ရွက်ရေး အစီအစဉ်များအား ထည့်သွင်းစဉ်းစားပြီး အများပြည်သူသို့ မထုတ်ပြန်မီ ကမ္ဘာ့ဘဏ်မှ အထူးကန့်ကွက်ရန် မရှိကြောင်း စာကို ရယူပြီး ဆောင်ရွက်ရမည်။ ထိုသို့ ပြောင်းလဲဆောင်ရွက်မှုတွင် အခြားအဖွဲ့အစည်းတစ်ရပ်မှ စောင့်ကြည့် ကြီးကြပ်ပေးခြင်း၊ မြို့နယ်အဆင့် ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် စီမံကိန်း ဝန်ထမ်းများ၏ လုံခြုံရေးဆိုင်ရာ အထူးဆောင်ရွက်မှုတို့ ပါဝင်သည်။

၈။ သဘာဝဘေးအန္တရာယ်ကျရောက်သော မြို့နယ်များတွင် အရေးပေါ်တုံ့ပြန်မှုများအတွက် လူထုဗဟိုပြု စီမံကိန်း၏ ဘဏ္ဍာရေးသဘောတူညီချက်ကို ရည်ညွှန်းသည့် မြန်မာအစိုးရ၏ စီမံကိန်းအကောင်အထည်ဖော်မှုတွင် အရေးပေါ်တုံ့ပြန်မှုကိုယ်စားပြုအဖွဲ့၏ သဘောတူညီထားပြီးသော လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်ရမည် ဖြစ်သည်။ (အပိုင်း ၁၄ ကို ကြည့်ရှုပါရန်)၊ မြို့နယ်နှင့် ကျေးရွာအဆင့်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ် တုံ့ပြန်မှုလုပ်ငန်းစဉ်များအတွက် အခန်း (၂)၊ အပိုင်း - ၉ တွင် ဆွေးနွေးထားခဲ့ပြီး ဖြစ်သည်။

## ၂။ စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲ ဖွဲ့စည်းမှု

၉။ ဤစီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲတွင် အခန်း (၆) ခန်း ပါဝင်သည်။

အခန်း (၁) တွင် ကျေးရွာအဆင့် စီမံကိန်းစက်ဝန်း၊ စီမံကိန်း၏ အဓိက အခြေခံအကြောင်းအရာများ ပါဝင်သည့် အစီအစဉ်နှင့် ပတ်သက်သော သတင်းအချက်အလက်များ ပါဝင်သည်။

အခန်း (၂) တွင် ကျေးရွာအဆင့် စီမံကိန်းစက်ဝန်းအကြောင်းကို အသေးစိတ် ရှင်းလင်း ဖော်ပြထားသည်။ စီမံကိန်းစက်ဝန်းတွင် (၁) ကြိုတင်ပြင်ဆင်ခြင်း (၂) စီမံကိန်းရေးဆွဲခြင်း (၃) စီမံကိန်းလုပ်ငန်းခွဲ ကြိုတင်ပြင်ဆင်ခြင်း (၄) စီမံကိန်းလုပ်ငန်းခွဲအတွက် အကြံပေးမှုရယူခြင်းနှင့် ပြင်ဆင်ခြင်း (၅) စီမံကိန်း လုပ်ငန်းခွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် (၆) စီမံကိန်းအောင်မြင်ပြီးဆုံးခြင်း ဟူသော အဆင့် (၆) ဆင့် ပါဝင်သည်။ အခြား လုပ်ဆောင်မှုများမှာ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လုပ်ငန်းများကို သင့်လျော်အောင်စီစဉ်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်း၊ သတင်းအချက်အလက်နှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်မှု စသည်တို့ ပါဝင်သည်။

အခန်း (၃) တွင် စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်စဉ်ကာလအတွင်း အသုံးပြုရမည့် ပုံစံများအား ဖော်ပြထားသည်။

အခန်း (၄) လုပ်ငန်းတာဝန်များ

အခန်း (၅) တွင် စီမံကိန်းလုပ်ငန်းခွဲများမှ ဖြစ်ပေါ်ရရှိလာနိုင်သော ဆိုးကျိုးများအား လျှော့ချနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရန် စည်းကမ်းများအား ဖော်ပြထားသည်။

အခန်း (၆) တွင် ကျေးလက်အဆင့် ငွေကြေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ပါဝင်သည်။

နောက်ဆက်တွဲများ - Financial Management and Administration Manual (FMM) နှင့်
Project Management Information System (PMIS)

## ၃။ စီမံကိန်းအကျဉ်းချုပ်

### ၃-၁။ ပါဝင်သော အစိတ်အပိုင်းများ

၁၀။ ဤစီမံကိန်းတွင် အစိတ်အပိုင်း ၅ ပိုင်း ပါဝင်သည်။ အစိတ်အပိုင်းတိုင်းတွင် ကျား-မ တန်းတူညီမျှမှုနှင့် အမျိုးသမီးထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည့် လုပ်ငန်းများကို ဖော်ပြထားသည်။

(က) **အပိုင်း - ၁။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေ။** ကျေးလက်လူထုမှ ဦးစားပေး အစီအစဉ်အလိုက် ရွေးချယ်ထားသော ရပ်ရွာအဆင့် အခြေခံအဆောက်အအုံများအတွက် ကျေးရွာအုပ်စုတိုင်းအား အနည်းဆုံး ၄ နှစ် ဆက်တိုက် ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအားလုံးတွင် ရွာလူထု၏ ဆုံးဖြတ်သတ်မှတ်ထားသော စီမံကိန်းလုပ်ငန်းခွဲများကိုသာ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

(ခ) **အပိုင်း - ၂။ ကူညီထောက်ပံ့မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း။** လူထုစည်းရုံးရေးမှူးများနှင့် နည်းပညာလက်ထောက်မှူးများ ငှားရမ်း ခန့်ထားခြင်း အပါအဝင် ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့်များတွင် အဖွဲ့အစည်းနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ ရရှိစေရန် အကြံပေး/ပုဂ္ဂိုလ်များ ငှားရမ်းခြင်းနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ဤအစိတ်အပိုင်းသည် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးကို အထောက်အပံ့ဖြစ်စေသော စွမ်းဆောင်ရည်မြှင့်တင်မှုများ ပံ့ပိုးပေးနိုင်ပါသည်။

(ဂ) **အပိုင်း - ၃။ အသိပညာနှင့် လေ့လာသင်ယူခြင်း။** မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသို့ ဒေသဆိုင်ရာ ကိုယ်စားလှယ်များနှင့် အစိုးရဝန်ထမ်းများအား သွားရောက်လေ့လာစေမည် ဖြစ်သည်။ အခြားသောလုပ်ငန်းစဉ်များအဖြစ် လူထုစစ်ဆေးပွဲ၊ စီမံကိန်းနှင့် သက်ဆိုင်သော အဖွဲ့အစည်းပေါင်းစုံပါဝင်သော ဆွေးနွေးသုံးသပ်ခြင်း အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေးဆောင်ရွက်မှုများနှင့် ပေါင်းစပ်လေ့လာခြင်းတို့ ပါဝင်သည်။

(ဃ) **အပိုင်း-၄။ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အထောက်အကူပြုခြင်း။** ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့်များတွင် စီမံခန့်ခွဲမှု အထောက်အကူပြုရေးနှင့် လွတ်လပ်သော ပြင်ပအဖွဲ့အစည်းကို ငွေကြေးဆိုင်ရာ စာရင်းဇယားများနှင့် နည်းပညာဆိုင်ရာ စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်ရန်၊ ပံ့ပိုးပေးရန် ဖြစ်သည်။

(င) **အပိုင်း - ၅။ အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ခြင်း။** ဖြစ်ပေါ်လာနိုင်သောဘေးအန္တရာယ်များ၊ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ကြုံတွေ့လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်စေရန်နှင့် လိုအပ်ပါက အခြားကဏ္ဍများမှ ငွေကြေးများအား လွှဲပြောင်းသုံးစွဲခြင်းတို့ ဖြစ်သည်။

## ၃-၂။ ငွေကြေးစီးဆင်းပုံ

၁၁။ ကျေးရွာအုပ်စုသို့ တိုက်ရိုက်ထောက်ပံ့ငွေသည် ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီး ဘဏ်ငွေစာရင်းမှ ကျေးရွာအုပ်စုဘဏ်ငွေစာရင်းသို့ တိုက်ရိုက်စီးဆင်းသွားမည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် စီမံကိန်းအကောင်အထည်ဖော်ရေး ပံ့ပိုးမှုရန်ပုံငွေသည် သုံးလပတ် ရ/သုံးမှန်းခြေငွေစာရင်းအပေါ် မူတည်၍ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် ကျေးလက်/ဦးစီး ငွေစာရင်းသို့ လွှဲပြောင်းပေးမည် ဖြစ်သည်။ အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းငွေများအားကျေးလက်/ဦးစီးက သဘောတူစာချုပ်အတိုင်းငွေစာရင်းများဖွင့်လှစ်ဆောင်ရွက်မည် ဖြစ်ပါသည်။

## ၃-၃။ စီမံကိန်းမြို့နယ်များ

၁၂။ စီမံကိန်းကို ပြည်နယ်/တိုင်း အားလုံးရှိ မြို့နယ် ၆၃ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းမြို့နယ်များ ရွေးချယ်သတ်မှတ်ရေးလုပ်ငန်းစဉ်အား ဤလက်စွဲ၏ နောက်ပိုင်းတွင် ရှင်းလင်းဖော်ပြထားပါသည်။ (ပုံ - ၁ တွင် ကြည့်ရှုရန်)

## ၃-၄။ အဖွဲ့အစည်းများ ဖွဲ့စည်းမှု

၁၃။ **ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့်။** ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီသည် ကျေးရွာအုပ်စု ထောက်ပံ့ငွေများအတွက် အဓိက ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများသည် စီမံကိန်းလုပ်ငန်းခွဲများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် တာဝန်ရှိသည်။ လူထု စည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းအဖွဲ့များက ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ၊ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မီတီများအား လုပ်ငန်းကိစ္စတိုင်းသို့မဟုတ် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရေး လုပ်ငန်းတိုင်းတွင် ကူညီပေးသွားမည် ဖြစ်သည်။ ကျေးရွာအုပ်စုအဆင့် အကြံပြုချက် ဖြေရှင်းရေးကော်မတီကို အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတိုင်းမှ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ပါဝင်စေလျက် ဖွဲ့စည်းထားသည်။

၁၄။ **မြို့နယ်အဆင့်။** ထိုအဆင့်တွင် အဓိကတာဝန်ရှိသူမှာ ကျေးလက်/ဦးစီးမြို့နယ်ရုံး ဖြစ်သည်။ ကျေးရွာများအား နည်းပညာအကူအညီ ပံ့ပိုးပေးရမည်။ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးကော်မတီမှ တစ်ဆင့် အခြားဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။ နည်းပညာအကြံပေးအဖွဲ့က မြို့နယ်တစ်ခုချင်းစီ၏ ကျေးလက်/ဦးစီးရုံးကို အကူအညီပေးသွားမည် ဖြစ်သည်။

၁၅။ **ခရိုင်အဆင့်**။ ခရိုင်အဆင့် ကျေးလက်/ဦးစီးရုံးများသည် အခြားသော ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများ/အဖွဲ့ အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ပညာရှင်များ လာရောက်သည့် ခရီးစဉ်များတွင် လိုအပ်သလို ပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့သို့ ဆက်လက် တင်ပြပေးခြင်းများကို ဆောင်ရွက်ရပါမည်။ လိုအပ်၍ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှ တာဝန်ပေးအပ်လာပါက မြို့နယ်များအတွက် နည်းပညာနှင့်စီမံခန့်ခွဲမှု အကူအညီပေးရမည်။


၁၆။ **တိုင်းဒေသကြီး/ပြည်နယ်အဆင့်**။ စီမံကိန်းမြို့နယ်များတွင် အကောင်အထည်ဖော်သော စီမံကိန်း လုပ်ငန်း ခွဲများအား စောင့်ကြည့်စစ်ဆေးပေးရန်နှင့် မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေး ကော်မတီမှ ဖြေရှင်း မပေးနိုင်သော အခက်အခဲ/ပြဿနာများအား တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန များမှ ဆောင်ရွက်ပေးရမည်။ ကျေးလက်/ဦးစီးသည် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ် တစ်မြို့နယ် ထက်ပို၍ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ရွေးချယ်လာပါက စီမံကိန်း အကောင်အထည်ဖော်ရေး အတွက် ဝန်ထမ်းများ ပိုမိုခန့်ထားပေးရန် လိုအပ်သည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ ကျေးလက်/ဦးစီးသည် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံကိန်းရုံးများ ဖွင့်လှစ်၍ စီမံခန့်ခွဲရေး၊ အကာအကွယ်နှင့် အကြံပြုချက်များ ဖြေရှင်းရေး အကူအညီများ ပံ့ပိုးပေးရမည်။

၁၇။ **ပြည်ထောင်စုအဆင့်**။ ပြည်ထောင်စုအဆင့်တွင် စီမံကိန်းအစီအစဉ် စီမံခန့်ခွဲရေးအတွက် ကျေးလက်/ ဦးစီးက စီမံကိန်းရုံးခွဲတစ်ရုံး ဖွဲ့စည်းထားပါသည်။ ထိုရုံး၏ တာဝန်ဝတ္တရားများမှာ (၁) စီမံကိန်းမဟာဗျူဟာများ ချမှတ်ရာတွင် ကူညီပံ့ပိုးပေးရန်၊ (၂) စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲစာအုပ်ပါပြဋ္ဌာန်းချက်၊ ညွှန်ကြား ချက်အားလုံးကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ (၃) နည်းပညာအကူအညီနှင့် အဖွဲ့အစည်းဆိုင်ရာ ပံ့ပိုး ကူညီမှုတို့အတွက် အကြံပေးအဖွဲ့များ ငှားရမ်းခန့်ထားခြင်း၊ (၄) လူထုဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (၅) သင်တန်းများ ပို့ချခြင်းနှင့် စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ကြသူ အားလုံး၏ စွမ်းရည် တိုးတက်မြင့်မားလာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (၆) စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းများအတွက် အစီရင်ခံစာများပြုစု/စုစည်း တင်ပြခြင်းတို့ပါဝင်သည်။ အဆိုပါလုပ်ငန်းတာဝန် များအား ပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်အကြံပေးအဖွဲ့မှ ကျေးလက်/ဦးစီးကို အကူ အညီပေးမည် ဖြစ်သည်။

၁၈။ **နည်းပညာဆိုင်ရာလုပ်ငန်းကော်မတီ**။ စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းများ တိုးတက်မှုကို ပုံမှန် သုံးသပ်ရန်နှင့် မြို့နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်တို့တွင် နည်းပညာပြဿနာ/အခက်အခဲများအား ဖြေရှင်း ပေးရန်တို့အပြင် အစိုးရဌာနများမှ စီမံကိန်းရုံးအား ကူညီပံ့ပိုးရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန် ပြည်ထောင်စု အဆင့်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သော နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်သည်။ ငွေကြေးဆိုင်ရာ ဌာနခွဲကော်မတီသည် စီမံချက် အကောင်အထည်ဖော်ဆောင်ရေးတွင် ဦးဆောင်ကော်မတီအဖြစ် အဓိက ကြီးကြပ်ပေးသည်။


## ပုံ-၁ : စီမံကိန်းဒေသ မြေပုံ

| Township |
|---|
| **Cycle 1** |
| Kanpetlet |
| Namhsan |
| Kyunsu |
| |
| **Cycle 2** |
| Ann |
| Sidoktaya |
| Pinlelbu |
| Htantabin |
| Tatkone |
| Laymyetnar |
| |
| **Cycle 3** |
| Hpruso |
| Kyainseikkyi |
| Moenyo |
| Chaungzon |
| Ngazon |
| Demawso |
| Paletwa |
| Myaung |
| Banmauk |
| Tanintharyi |
| Kyaukkyi |
| Bilin |
| Mindon |
| NyaungU |
| Kawhmu |
| Thabaung |
| Kyangin |
| Lewe |



| Township |
|---|
| **Cycle 4** |
| Mogaung |
| Loikaw+1 |
| Hpasaung+2 |
| Madupi |
| Padaung |
| Saw |
| Tilin |
| Pauk |
| Natogyi |
| Pyawbwe |
| Yamethin |
| Paung |
| Kungyangon |
| Kyauktan |
| Hsisaing |
| Ngaputaw |
| Pyinmana |
| |
| **Cycle 5** |
| PutaO |
| Shwegu |
| Hlaingbwe |
| Kawkareik |
| Tonzan |
| Kyunhla |
| Kani |
| Thegon |
| Shwegyin |
| Mongkhet |
| Maukmai |
| Mabein |
| Ponnagyun |
| Gwa |
| Danubyu |
| Ingapu |

## ပုံ ၂ - အဖွဲ့အစည်းများဖွဲ့စည်းပုံ



## ၄။ မြို့နယ်ရွေးချယ်မှုလုပ်ငန်းစဉ်

၁၉။ စီမံကိန်းကို ပြည်နယ်/တိုင်းအားလုံးရှိ မြို့နယ် ၆၃ မြို့နယ်တို့တွင် ဖြန့်ကြက်အကောင်အထည်ဖော်သွားမည် ဖြစ်သည်။ စီမံကိန်းအား စီမံကိန်းပထမနှစ် ရာသီစက်ဝန်းတွင် ၃ မြို့နယ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဒုတိယနှစ်တွင် ၆ မြို့နယ်၊ တတိယနှစ်တွင် ၁၈ မြို့နယ်၊ စတုတ္ထနှစ်တွင် ၂၀ မြို့နယ်နှင့် ပဉ္စမနှစ်တွင် မြို့နယ် ၁၆ မြို့နယ်အထိ တိုးချဲ့ ဆောင်ရွက်လျက်ရှိပါသည်။

| | |
|---|---|
| ၂၀၁၃ ခုနှစ် | ကန်ပက်လက်၊ ကျွန်းစု၊ နမ့်ဆန် |
| ၂၀၁၄ ခုနှစ် | ပင်လည်ဘူး၊ လေးမျက်နှာ၊ အမ်း၊ စေတုတ္တရာ၊ ထန်းတပင်၊ တပ်ကုန်း |
| ၂၀၁၅ ခုနှစ် | ပလက်ဝ၊ တနင်္သာရီ၊ မြောင်၊ ဇန်းမောက်၊ သာပေါင်း၊ ကြံခင်း၊ မင်းတုန်း၊ ကော့မှူး၊ လယ်ဝေး၊ ငါန်းဇွန်၊ ညောင်ဦး၊ မိုးညို၊ ကျောက်ကြီး၊ ချောင်းဆုံ၊ ဘီးလင်း၊ ဖရူဆို၊ ဒီးမော့ဆို၊ ကြာအင်းဆိပ်ကြီး |
| ၂၀၁၆ ခုနှစ် | မိုးကောင်း၊ ဖားဆောင်း၊ ဘော်လခဲ၊ လွိုင်ကော်၊ ရှားတော၊ မယ်စဲ့၊ မတူပီ၊ ပန်းတောင်း၊ ဆော၊ ထီးလင်း၊ ပေါက်၊ ပျော်ဘွယ်၊ နွားထိုးကြီး၊ ရမည်းသင်း၊ ပေါင်၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ ဆီဆိုင်၊ ငပုတော၊ ပျဉ်းမနား |
| ၂၀၁၇ ခုနှစ် | ပူတာအို၊ ရွှေကူ၊ ကော့ကရိတ်၊ လှိုင်းဘွဲ၊ တွန်းဇံ၊ ကျွန်းလှ၊ ကနီ၊ ရွှေကျင်၊ သဲကုန်း၊ ပုဏ္ဏားကျွန်း၊ ဂွ၊ မိုင်းခတ်၊ မောက်မယ်၊ မဘိမ်း၊ အင်္ဂပူ၊ ခရေပြူ |

၂၀။ စီမံကိန်း ပဉ္စမနှစ်စက်ဝန်းအား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ပြီး နောက်ထပ် စီမံကိန်းမြို့နယ် ၁၆ မြို့နယ် တိုးချဲ့ကာ စုစုပေါင်း စီမံကိန်းမြို့နယ် ၆၃ မြို့နယ် ဖြစ်လာသည်။ စီမံကိန်းဝင်မြို့နယ်များ၏ အသေးစိတ်စာရင်းမှာ အောက်ပါဇယားများတွင် ဖော်ပြထားပါသည်။

| ပထမနှစ် (၂၀၁၃-၁၄) | | |
|---|---|---|
| မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ (ကျေးလက်) |
| ကန်ပက်လက် | ချင်း | ၁၈,၃၇၈ |
| နမ့်ဆန် | ရှမ်း | ၇၁,၆၆၈ |
| ကျွန်းစု | တနင်္သာရီ | ၁၃၄,၇၂၂ |

| ဒုတိယနှစ် (၂၀၁၄-၁၅) | | |
|---|---|---|
| မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ (ကျေးလက်) |
| လေးမျက်နှာ | ဧရာဝတီ | ၉၅,၄၅၅ |
| စေတုတ္တရာ | မကွေး | ၃၈,၈၄၈ |
| ပင်လည်ဘူး | စစ်ကိုင်း | ၁၀၂,၉၆၀ |
| အမ်း | ရခိုင် | ၉၄,၂၅၄ |
| ထန်းတပင် | ရန်ကုန် | ၁၁၃,၃၇၈ |
| တပ်ကုန်း | နေပြည်တော် | ၁၇၇,၈၈၀ |

| တတိယနှစ် (၂၀၁၅-၁၆) | | |
|---|---|---|
| မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ (ကျေးလက်) |
| ပလက်ဝ | ချင်း | ၉၇,၄၇၁ |
| တနသ်ာရီ | တနသ်ာရီ | ၈၁,၂၂၁ |
| မြောင် | စစ်ကိုင်း | ၉၄,၁၀၁ |
| ဗန်းမောက် | စစ်ကိုင်း | ၈၉,၅၉၈ |
| သာပေါင်း | ဧရာဝတီ | ၁၄၂,၈၈၇ |
| ကြံခင်း | ဧရာဝတီ | ၇၃,၈၅၇ |
| မင်းတုန်း | မကွေး | ၅၆,၇၂၇ |
| ကော့မှူး | ရန်ကုန် | ၁၂၁,၄၃၃ |
| လယ်ဝေး | နေပြည်တော် | ၂၅၂,၂၇၂ |
| ငါန်းဇွန် | မန္တလေး | ၁၂၉,၂၇၈ |
| ညောင်ဦး | မန္တလေး | ၁၈၉,၆၆၈ |
| မိုးညို | ပဲခူး | ၁၁၉,၂၂၀ |
| ကျောက်ကြီး | ပဲခူး | ၁၀၃,၆၁၆ |
| ချောင်းဆုံ | မွန် | ၁၄,၃၉၉ |
| ဘီးလင်း | မွန် | ၁၆၂,၆၈၃ |
| ဖရူဆို | ကယား | ၂၄,၇၄၄ |
| ဒီးမော့ဆို | ကယား | ၇၅,၆၀၄ |
| ကြာအင်းဆိပ်ကြီး | ကရင် | ၂၀၄,၉၅၆ |

| စတုတ္ထနှစ် (၂၀၁၆-၁၇) | | |
|---|---|---|
| မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ (ကျေးလက်) |
| မိုးကောင်း | ကချင် | ၁၀၇,၅၉၆ |
| ဖားဆောင်း | ကယား | ၂၂,၄၄၆ |
| ဘော်လခဲ | ကယား | ၅,၅၂၂ |
| လွိုင်ကော် | ကယား | ၇၇,၀၅၂ |
| ရှားတော | ကယား | ၅,၁၆၉ |
| မယ်ဆယ် | ကယား | ၅,၃၀၆ |
| မတူပီ | ချင်း | ၄၀,၅၀၀ |
| ပန်းတောင်း | ပဲခူး | ၁၂၆,၅၃၆ |
| ဆော | မကွေး | ၅၉,၂၂၄ |
| ထီးလင်း | မကွေး | ၄၄,၃၄၄ |
| ပေါက် | မကွေး | ၁၆၄,၂၂၈ |
| ပျော်ဘွယ် | မန္တလေး | ၂၂၈,၀၇၉ |
| နွားထိုးကြီး | မန္တလေး | ၁၆၄,၂၆၀ |
| ရမည်းသင်း | မန္တလေး | ၂၃၀,၃၉၃ |
| ပေါင် | မွန် | ၁၈၉,၀၂၅ |
| ကွမ်းခြံကုန်း | ရန်ကုန် | ၉၅,၀၀၅ |
| ကျောက်တန်း | ရန်ကုန် | ၁၁၅,၈၃၆ |
| ဆီဆိုင် | ရှမ်း | ၁၄၀,၉၅၉ |
| ငပုတော | ဧရာဝတီ | ၂၉၅,၇၄၇ |
| ပျဉ်းမနား | နေပြည်တော် | ၁၀၄,၉၃၅ |

| ပဉ္စမနှစ် (၂၀၁၇-၁၈) | | |
|---|---|---|
| မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ (ကျေးလက်) |
| ပူတာအို | ကချင် | ၅၀,၀၃၄ |
| ရွှေကူ | ကချင် | ၆၅,၇၂၄ |
| ကော့ကရိတ် | ကရင် | ၁၉၃,၆၀၀ |
| လှိုင်းဘွဲ့ | ကရင် | ၃၀၂,၆၇၆ |
| တွန်းဇံ | ချင်း | ၂၇,၁၁၇ |
| ကျွန်းလှ | စစ်ကိုင်း | ၈၂,၅၈၈ |
| ကနီ | စစ်ကိုင်း | ၁၃၇,၀၅၀ |
| ရွှေကျင် | ပဲခူး | ၇၁,၅၇၁ |
| သဲကုန်း | ပဲခူး | ၁၀၃,၄၂၄ |
| ပုဏ္ဏားကျွန်း | ရခိုင် | ၁၂၅,၀၃၀ |
| ဂွ | ရခိုင် | ၄၉,၇၁၄ |
| မိုင်းခတ် | ရှမ်း (ရှေ့) | ၂၁,၀၈၁ |
| မောက်မယ် | ရှမ်း (တောင်) | ၂၉,၃၅၀ |
| မဘိမ်း | ရှမ်း (မြောက်) | ၃၅,၃၀၆ |
| အင်္ဂပူ | ဧရာဝတီ | ၂၀၃,၅၇၁ |
| ဓနုဖြူ | ဧရာဝတီ | ၁၆၆,၄၁၁ |

၂၁။ **စီမံကိန်းမြို့နယ်များ ရွေးချယ်မှုအတွက် သတ်မှတ်ချက်၊ စံနှုန်းများ**

စီမံကိန်းမြို့နယ်များအား ရွေးချယ်ရာတွင် ဆင်းရဲမှုသည် အဓိကအခြေခံမှုဖြစ်သည်။ အခြားသော စံနှုန်းထား/သတ်မှတ်ချက်များမှာ (၁) အလားတူ လုပ်ငန်းများ ဆောင်ရွက်/ထူထောင်ရန်အတွက် ထောက်ပံ့ငွေ မရှိခြင်း၊ (၂) မြို့နယ်အာဏာပိုင်များအနေဖြင့် စီမံကိန်းကို ဆောင်ရွက်ရန် လိုလားခြင်းနှင့် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ (၃) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကြီးကြပ်နိုင်ရန် မြို့နယ်အခြေအနေ တည်ငြိမ်အေးချမ်းမှု အထိုက်အလျောက်ရှိမှု၊ (၄) မြို့နယ်အနေဖြင့် စီမံကိန်း အကောင်အထည်ဖော်မှုအတွက် သွားလာဆောင်ရွက်ရေးတို့တွင် ပံ့ပိုးပေးနိုင်မှုတို့ ဖြစ်ကြသည်။

၂၂။ ကျေးလက်/ဦးစီးသည် စီမံချက်မြို့နယ်များ ရွေးချယ်မှုအား အထက်ဖော်ပြပါ သတ်မှတ်ချက် စံနှုန်းထားများနှင့်အညီ ပွင့်လင်းမြင်သာသော၊ ပူးပေါင်းပါဝင်သော အဆိုပြု တင်သွင်းမှု ပြုလုပ်ပါသည်။ စီမံကိန်းမြို့နယ်ရွေးချယ်ရေးတွင် အောက်တွင်ဖော်ပြထားသည့်အတိုင်း အဆင့် ၃ ဆင့် ရှိသည်။

**အဆင့် ၁။** ကျေးလက်/ဦးစီးသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အခြားသော စုံစမ်းရရှိနိုင်သည့် အရင်းအမြစ်တို့မှ အကူအညီရယူပြီး တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ စီးပွားရေး၊ လူမှုရေး၊ စားနပ်ရိက္ခာလုံခြုံရေး စသည့် အချက်အလက်များ၊ မြေပုံများ၊ စာရင်းဇယားများအား ပြင်ဆင်ပြုစုဆောင်းရပါသည်။ အချက်အလက်များတွင် လူတစ်ဦးချင်းစီ၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး၊ စားနပ်ရိက္ခာ လုံခြုံရေးတို့အပြင် ပညာရေးနှင့် ကျန်းမာရေး ညွှန်းကိန်းများ ပါဝင်သည်။ ညှိနှိုင်းဆွေးနွေးပွဲတွင် တက်ရောက်သူများအားလုံးအား ထိုသတင်းအချက်အလက်များ အားလုံး ရရှိ/သိရှိစေသည်။

**အဆင့် ၂။** ကျေးလက်/ဦးစီးက တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီတွင် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်သော အကြံပေးတိုင်ပင်ညှိနှိုင်းအစည်းအဝေးကို စီစဉ်ကျင်းပသည်။ အစည်းအဝေး တက်ရောက်ကြသူများတွင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ NGO များနှင့် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပြည်သူများ ပါဝင်ကြသည်။ စီမံကိန်းမြို့နယ် ရွေးချယ်မှု သတ်မှတ်ချက်များနှင့် အကိုက်ညီဆုံး မြို့နယ် ၃ မြို့နယ်မှ ၅ မြို့နယ်ကို တက်ရောက်ကြသူများ၏ အကဲဖြတ်မှုများနှင့်အတူ ရွေးချယ်အဆိုပြုရန် ဖြစ်သည်။ ထိုသို့ ရွေးချယ်အဆိုပြုထားသော မြို့နယ်စာရင်းကို ရွေးချယ်မှုနှင့် ကိုက်ညီမှု ရှိ/မရှိ အတည်ပြုရန် ဝန်ကြီးချုပ်ထံသို့ တင်ပြသည်။

**အဆင့် ၃။** ဝန်ကြီးချုပ်သည် အဆိုပြုထားသည့် မြို့နယ်စာရင်းကို (NCDDP) စီမံကိန်း ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အတည်ပြုချက်ရယူရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ငွေကြေးဆိုင်ရာဌာနခွဲသို့ ပေးပို့တင်ပြပါသည်။ အပြီးသတ် ဆန်ခါတင် ရွေးချယ်ထားသော မြို့နယ်စာရင်းအား ကမ္ဘာ့ဘဏ်သို့ ပေးပို့တင်ပြကာ ကမ္ဘာ့ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်တောင်းခံသည်။

၂၃။ ပဥ္စမနှစ် စီမံကိန်းစက်ဝန်းတွင် ကျန်ရှိနေသည့်မြို့နယ်များကို အထက်ပါ သတ်မှတ်ချက် စံနှုန်းများနှင့်အညီ ရွေးချယ်မည်ဖြစ်ပြီး တည်နေရာဒေသ တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်နိုင်မှုအား ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

၂၄။ စီမံကိန်းအကောင်အထည်ဖော်နေစဉ် အခြားထောက်ပံ့မှု ရင်းမြစ်များ ထပ်မံရရှိပါက ယင်းသတ်မှတ်ချက်များအတိုင်း ဆက်လက် ရွေးချယ်ကာ လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်မည် ဖြစ်သည်။

# ၅။ လူထုသို့ တိုက်ရိုက် ထောက်ပံ့ငွေများ

## ၅-၁။ တွက်ချက်ခြင်းနှင့် အသုံးပြုခြင်း

၂၅။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေကို ကျေးရွာအုပ်စု တစ်စုအတွင်းရှိ လူဦးရေအပေါ် အခြေခံပြီး ချထားပေးသည်။

**ဇယား (၁ - ၂) ထောက်ပံ့ငွေ ခွဲဝေပေးမှု နည်းလမ်း**

| ကျေးရွာအုပ်စု လူဦးရေ | ကျေးရွာအရေအတွက် | ထောက်ပံ့ငွေ |
|---|---|---|
| ၃၀၀၀ အောက် | **၁-၁၀** | **၂၂,၀၀၀,၀၀၀ ကျပ်** |
| | ၁၁-၁၅ | ၃၀,၀၀၀,၀၀၀ ကျပ် |
| | ၁၆-၂၀ | ၄၀,၀၀၀,၀၀၀ ကျပ် |
| | >၂၀ | ၅၀,၀၀၀,၀၀၀ ကျပ် |
| ၃၀၀၁ မှ ၅၀၀၀ | **၁-၂၀** | **၄၄,၀၀၀,၀၀၀ ကျပ်** |
| | ၂၁-၂၅ | ၅၀,၀၀၀,၀၀၀ ကျပ် |
| | >၂၅ | ၆၀,၀၀၀,၀၀၀ ကျပ် |
| ၅၀၀၁ မှ ၉၀၀၀ | **၁-၃၀** | **၆၀,၀၀၀,၀၀၀ ကျပ်** |
| | >၃၀ | ၇၀,၀၀၀,၀၀၀ ကျပ် |
| ၉၀၀၁ မှ ၁၃,၀၀၀ | **၁-၆၀** | **၁၂၀,၀၀၀,၀၀၀ ကျပ်** |
| | >၆၀ | ၁၅၀,၀၀၀,၀၀၀ ကျပ် |
| ၁၃,၀၀၀ အထက် | **၁-၄၀** | **၁၅၀,၀၀၀,၀၀၀ ကျပ်** |
| | >၄၀ | ၂၀၀,၀၀၀,၀၀၀ ကျပ် |

ကျေးလက်/ဦးစီးနှင့် ကမ္ဘာ့ဘဏ်တို့သည် စီမံကိန်းရာသီစက်ဝန်း တစ်နှစ်ပြီးစီးတိုင်းတွင် ထောက်ပံ့ငွေ ခွဲဝေသတ်မှတ်မှု တွက်ချက်ပုံ ပုံသေနည်းအား ပြန်လည်စိစစ်မှု ပြုလုပ်မည်ဖြစ်သည်။ ထောက်ပံ့ငွေ အချိုးအစားပြောင်းလဲသတ်မှတ်ရလောက်သည်အထိ လူဦးရေပမာဏ ပြောင်းလဲမှုရှိပါက ထောက်ပံ့ငွေအား တိုးမြှင့် သတ်မှတ်ချထားပေးရန် လျှောက်ထားတောင်းဆိုနိုင်သည်။

၂၆။ **စီမံကိန်းလုပ်ငန်းခွဲအတွက် အမြင့်ဆုံးနှင့်အနိမ့်ဆုံး ရန်ပုံငွေ ခွဲဝေချထားမှု ပမာဏ။** စီမံကိန်းက ငွေကြေးထောက်ပံ့မည့် ကျေးရွာစီမံကိန်းလုပ်ငန်းခွဲတစ်ခုအတွက် ပထမဆုံးနှစ်တွင် အနိမ့်ဆုံး သတ်မှတ်ချက် မရှိပါ။ ဒုတိယနှစ်နှင့် နောက်နှစ်များတွင် ကျေးရွာစီမံကိန်းလုပ်ငန်းခွဲတစ်ခုသည် အနည်းဆုံး ၂,၀၀၀,၀၀၀ ကျပ် ရှိရမည်။

ကျေးရွာစီမံကိန်းလုပ်ငန်းခွဲတစ်ခုအတွက် အမြင့်ဆုံးပမာဏသည် ကျေးရွာအုပ်စု တိုက်ရိုက်ထောက်ပံ့ငွေ၊ ဆန္ဒအလျောက် ပြည်သူထည့်ဝင်လှူဒါန်းငွေနှင့် (သို့မဟုတ်) အခြားရန်ပုံငွေရင်းမြစ်များ ထည့်ဝင်ငွေများ အပါအဝင် ကျပ် သန်း ၁၁၀ ဖြစ်သည်။ ကျပ် သန်း ၄၀ ထက် ပိုမိုကုန်ကျသော စီမံကိန်းလုပ်ငန်းခွဲ တစ်ခုချင်းအတွက် ကျေးလက်/ဦးစီး ပြည်ထောင်စုအဆင့်ရုံး၏ အတည်ပြုချက်နှင့် ကမ္ဘာ့ဘဏ်၏ ကန့်ကွက်ရန် မရှိကြောင်းစာ ကြိုတင်ရယူရန် လိုအပ်သည်။

၂၇။ **ရန်ပုံငွေမလုံလောက်ခြင်း။** ရန်ပုံငွေမလုံလောက်ပါက သက်ဆိုင်ရာ ကျေးရွာအုပ်စုအတွက် နောက်စီမံကိန်းနှစ်တွင် သုံးစွဲရန် သတ်မှတ်ချထားပေးသော ထောက်ပံ့ငွေမှ နုတ်ယူသုံးစွဲနိုင်သည်။ ကုန်ခဲ့သည့်စီမံကိန်းနှစ်အတွက် ရန်ပုံငွေ မလုံလောက်ခြင်းအားပံ့ပိုးပေးခြင်း ခွင့်မပြုပါ။ ရန်ပုံငွေမလုံလောက်ခြင်းအကြောင်းကိုပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးသို့ ချက်ချင်း အကြောင်းကြားရမည်။ သို့မှသာ ထောက်ပံ့ငွေကို ကျေးရွာအုပ်စု ဘဏ်ငွေစာရင်းသို့ စီမံကိန်းအတွက် အချိန်ကိုက် လွှဲပြောင်းပေးပို့ပေးနိုင်မည် ဖြစ်သည်။ ရန်ပုံငွေမလုံလောက်သည့် ဖြစ်ရပ်များအားလုံးအား ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီး သုံးလပတ် အစည်းအဝေးတွင် တင်ပြအစီရင်ခံရမည်။

(က) ရန်ပုံငွေ မလုံလောက်မှုသည် ထောက်ပံ့ငွေ၏ ၁၅ ရာခိုင်နှုန်းအထိ ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးရုံးတွင် ညှိနှိုင်းဆောင်ရွက်ပေးရန် အခွင့်အာဏာရှိပါသည်။

(ခ) ရန်ပုံငွေမလုံလောက်မှုသည် ထောက်ပံ့ငွေ၏ ၁၅ ရာခိုင်နှုန်းထက် ပိုမိုများပြားပါက ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးရုံးနှင့် ညှိနှိုင်းမှုများပြုလုပ်ပြီး ကမ္ဘာ့ဘဏ်မှ ကန့်ကွက်ရန် မရှိကြောင်းစာ ရယူရန် လိုအပ်သည်။

၂၈။ **ရန်ပုံငွေ မကုန်ခြင်း/ပိုလျှံခြင်း။** ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီသည် ယင်း၏ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွင်း နှစ်စဉ်ခွင့်ပြု ထောက်ပံ့ငွေအားလုံးကို ပြည့်ဝစွာသုံးစွဲနိုင်ရန် စီမံလျာထားရမည်။ သို့သော် စီမံကိန်းလုပ်ငန်းခွဲအမှန်တကယ် ကုန်ကျစရိတ်သည် ထောက်ပံ့ငွေ၏ ၈၀ ရာခိုင်နှုန်း အနည်းဆုံးရှိရမည်ဖြစ်သည်။ နှစ်စဉ်စီမံကိန်းကာလကုန်ဆုံးချိန်တိုင်းကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် လက်ကျန်ငွေ (သို့) လက်ကျန်ပစ္စည်းများကို အသုံးပြု၍ အောက်ဖော်ပြပါကိစ္စရပ်များအတွက် ဆောင်ရွက်နိုင်သည်။

(က) ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများ လည်ပတ်ရန် (လိုအပ်သည့် ပစ္စည်းကိရိယာ၊ စက်သုံးဆီ၊ လက်သုံးကိရိယာ၊ အပိုပစ္စည်း စသည် ဝယ်ယူခြင်း။

(ခ) လက်ရှိ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲကို တိုးချဲ့/အဆင့်မြှင့်ရန် (ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စီမံချက်မပါ)

(ဂ) နောက်စီမံကိန်းနှစ်တွင် အသုံးပြုရန်။

ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးကော်မတီသည် (ထောက်ပံ့ငွေ သို့မဟုတ် ကျေးရွာမှ ရရှိသောအလှူငွေ) ရန်ပုံငွေများကို စီမံကိန်းနောက်နှစ်များသို့ သယ်ဆောင် အသုံးပြုနိုင်သည်။ ဤရန်ပုံငွေပမာဏကို စာရင်းနှင့် မှတ်တမ်းပြုစုထားရမည်။ အများပြည်သူသို့ ချပြထားရမည်။

၂၉။ **ပိုလျှံသောပစ္စည်းများ**။ ကျေးရွာစီမံကိန်းလုပ်ငန်းခွဲတစ်ခု ပြီးစီးသွားပြီး ပိုလျှံသည့်ပစ္စည်းများကို ဝယ်ယူရေး ဆပ်ကော်မတီမှ စာရင်းပြုစုထားပြီး အသုံးပြုခြင်း၊ စွန့်ပစ်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီက တာဝန်ယူပြီး လည်ပတ်ရေးနှင့် ပြုပြင် ထိန်းသိမ်းရေးကိစ္စများအတွက် အသုံးပြုခြင်း။

(ခ) ဝယ်ယူဖြန့်ဖြူးရေးကော်မတီက ပွင့်လင်းမြင်သာစွာ ရောင်းချခြင်း၊ ရရှိလာသောငွေကို ကျေးရွာ စာရင်းကိုင် အကူအညီဖြင့် မှတ်တမ်းပြုစုထိန်းသိမ်း၍ နောက်စီမံကိန်းနှစ်တွင် အသုံးပြုခြင်း။ ဤသို့ အသုံးပြုရန် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက ဆုံးဖြတ်ချက်ချရမည်။ ကျေးရွာ အုပ်စုရန်ပုံငွေတွင် ပေါင်းထည့်ခြင်းဖြစ်စေ၊ သက်ဆိုင်ရာ ကျေးရွာအတွက် နောက်နှစ် စီမံကိန်းလုပ်ငန်း ခွဲတွင် ထည့်သွင်းလျာထားရန်ဖြစ်စေ ဆုံးဖြတ်နိုင်သည်။

(ဂ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းများနှင့်အညီ စွန့်ပစ်ခြင်း၊ လိုအပ်ပါက သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစီမံချက် ရေးဆွဲရမည်။

၃၀။ **စီမံခန့်ခွဲရေး အသုံးစရိတ်**။ ကျေးရွာအုပ်စုစီ/ထောက်ကော်မတီသည် ခရီးစရိတ်၊ စာရေးကိရိယာ (ဘဏ် စရိတ်) နှင့် (လူမှုစစ်ဆေးမှုအစည်းအဝေး အပါအဝင်) (ထောက်ပံ့ငွေ မလွှဲအပ်မီကတည်းက ပြုလုပ်သော) ကျေး ရွာအစည်းအဝေးအားလုံး၊ ပထမအကြိမ် ဘဏ္ဍာရေးနှင့် ဝယ်ယူရေး သင်တန်းများအပြီးတွင် ပြုလုပ်သည့် လူထု တစ်ရပ်လုံးအတွက် သင်တန်း စသည်တို့ကဲ့သို့သော ကျေးရွာအုပ်စု ထောက်ပံ့ငွေစီမံခန့်ခွဲမှုအတွက် ကျသင့်သည့် ဆက်စပ် အသုံးစရိတ်များအတွက် ကျေးရွာအုပ်စု နှစ်စဉ်ထောက်ပံ့ငွေ၏ ၄ ရာခိုင်နှုန်း သုံးစွဲခွင့်ရှိပြီး လိုအပ်ပါက ၆ ရာခိုင်နှုန်းအထိ သုံးစွဲခွင့် ရှိသည်။

(က) ဘဏ္ဍာရေးဆပ်ကော်မတီသည် အသေးသုံးနှင့် စီမံခန့်ခွဲမှု အသုံးစရိတ်များအတွက် ရသုံးခန့်မှန်းခြေ စာရင်းတစ်ခု ပြုစုရမည်။ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများ၏ လိုအပ်ချက်များကို လည်း ဖြည့်ဆည်းပေးရမည်။

(ခ) အုပ်စု စီ/ထောက် ကော်မတီသည် အသေးသုံးနှင့် စီမံခန့်ခွဲမှု အသုံးစရိတ်များအတွက် သီးခြားမှတ်တမ်း များ ပြုစုထိန်းသိမ်းရမည်။

(ဂ) ထိုအသုံးစရိတ်များကို ကျေးလက်/ဦးစီးနှင့် စာရင်းစစ်ချုပ်ရုံးတို့က ကောက်နုတ် စစ်ဆေးရမည်။

(ဃ) အသေးသုံးနှင့် စီမံခန့်ခွဲမှုအသုံးစရိတ်များ၏ လစဉ် အကျဉ်းချုပ် ဖော်ပြချက်များကို ဘဏ္ဍာရေး ဆပ် ကော်မတီက ကျေးရွာအုပ်စုနှင့် ကျေးရွာကြော်ငြာသင်ပုန်းများတွင် ကပ်ထားရမည်။

(င) ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် (အရေးပေါ်) အခြေအနေအပေါ် မူတည်၍ ထောက်ပံ့ငွေ၏ ၆ ရာခိုင်နှုန်းအထိ အသေးသုံး/စီမံခန့်ခွဲအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲနိုင်သည်။ ထိုသို့ သုံးစွဲရန် စာရင်းပြုစု၍ ကျေးလက်/ဦးစီးရုံးချုပ်၏ ကြိုတင်ခွင့်ပြုချက် ရယူမည်။ ရုံးချုပ်၏ သုံးလပတ် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

၃၁။ **အလွဲသုံးစားမှုပြုခြင်း**။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေများကို အလွဲသုံးစားပြုမှုကြောင်း တွေ့ရှိပါက အလွဲသုံးစားပြုသောအဖွဲ့က အလွဲသုံးစားပြုမှုငွေ အပြည့်အဝပြန်၍ ပေးလျော်ရမည်ဖြစ်သည့်အပြင် အခြားအရေးယူမှုများလည်း ဆောင်ရွက်နိုင်သည်။ (ကျင့်ဝတ်များနှင့် အရေးယူမှုများတွင် ဖော်ပြထားပါသည်။) ကျေးလက်/ဦးစီး ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့်က ထိုအလွဲသုံးစားမှုကို အရေးယူဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ရန် တာဝန်ရှိသည်။

## ၅-၂။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေများ ထုတ်ပေးခြင်း

၃၂။ အောက်ပါ လုပ်ငန်းအဆင့်များကို ဆောင်ရွက်ပြီးပါက ကျေးလက်/ဦးစီး ပြည်ထောင်စုအဆင့်သည် ကျေးရွာအုပ်စုသို့ စီမံကိန်းအထောက်အကူပြု ထောက်ပံ့ငွေများကို ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဘဏ်စာရင်းသို့ အပြည့်အဝ လွှဲပြောင်းထုတ်ပေးရမည်။

(က) ကျေးရွာ စီ/ထောက်ကော်မတီများနှင့် ကျေးရွာအုပ်စု စီ/ထောက်ကော်မတီများ ဖွဲ့စည်းပြီး ဖြစ်ရမည်။

(ခ) ကျေးရွာအုပ်စုစီ/ထောက်ကော်မတီတွင် ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းပြီးသင်တန်းတက်ရောက်ပြီး ဖြစ်ရမည်။

(ဂ) ကျေးရွာအုပ်စု စီ/ထောက်ကော်မတီက မိမိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ် သို့မဟုတ် အနီးဆုံးမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တစ်ခုတွင် ဘဏ်စာရင်း ဖွင့်လှစ်ထားပြီး ဖြစ်ရမည်။ (ပထမအကြိမ် ထုတ်ပေးငွေအတွက်သာ လိုအပ်သည်။)

(ဃ) ကျေးရွာအုပ်စု စီ/ထောက်ကော်မတီဥက္ကဋ္ဌနှင့် ကျေးလက်/ဦးစီး မြို့နယ်ဦးစီးမှူးတို့သည် လက်ရှိ စီမံကိန်းနှစ် ထောက်ပံ့ငွေအတွက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားပြီး ဖြစ်ရမည်။

(င) ကျေးရွာအုပ်စု စီ/ထောက်ကော်မတီက ငွေတောင်းခံလွှာကို မြို့နယ်ကျေးလက်/ဦးစီး၏ အတည်ပြုချက် ပုံစံနှင့်တွဲ၍ မြို့နယ်ကျေးလက်/ဦးစီးရုံးမှတစ်ဆင့် ပြည်ထောင်စု ကျေးလက်/ဦးစီး စီမံကိန်းရုံးသို့ တင်ပြရမည်။ အထက်ပါ အပိုဒ်များ (က မှ ဃ) အားလုံးပြည့်စုံစွာ ပါရှိရမည်။

၃၃။ ငွေတောင်းခံလွှာရရှိပြီး ရုံးဖွင့်ရက် နှစ်ပတ်အတွင်း ကျေးလက်/ ဦးစီး ပြည်ထောင်စုအဆင့်မှ ကျေးရွာအုပ်စု ထောက်ပံ့ငွေကို ကျေးရွာအုပ်စုစီ/ထောက် ကော်တီ ငွေစာရင်းသို့ လွှဲပြောင်းပေးရမည်။ လွှဲပြောင်းပေးပြီးကြောင်းကို ကျေးလက်/ ဦးစီး မြို့နယ်ရုံးနှင့် ကျေးရွာအုပ်စု စီ/ထောက် ကော်မတီထံသို့ နှစ်ရက်အတွင်း အကြောင်းကြားပေးရသည်။ ကျေးရွာ အုပ်စုဘဏ်စာရင်း လက်ကျန်ငွေကို မြို့နယ်၊ ကျေးလက်/ ဦးစီး ဘဏ္ဍာရေးအရာရှိနှင့် အကြံပေးတို့က အနီးကပ်ကြီးကြပ်ရမည်။

၃၄။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ အတည်ပြုချက်မရရှိသေးပါက အသေးသုံးငွေကြေးကိုသာ ထုတ်ယူသုံးစွဲရမည်။ စီမံကိန်း

လုပ်ငန်းခွဲကို မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီက အတည်မပြုမီ ကြိုတင် ထုတ်ယူပါက စစ်ဆေးမေးမြန်းခံရမည်ဖြစ်သည်။

၃၅။ ဘဏ္ဍာရေးဆပ်ကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများအတွက် ရန်ပုံငွေထုတ်ယူရာတွင် လိုအပ်သလို ထုတ်ယူနိုင်သည်။ အကြိမ်ရေပမာဏ ကန့်သတ်မထားပါ။ ရန်ပုံငွေကိုလည်း တစ်ရစ်၊ နှစ်ရစ်၊ သုံးရစ် သို့မဟုတ် ပို၍ အကြိမ်ရေများစွာ ခွဲ၍ ထုတ်ယူနိုင်သည်။ အရစ်ကျထုတ်ယူရန် အကြိမ်ရေလိုအပ်ချက်၊ ခရီးအကွာအဝေး၊ သယ်ယူစရိတ်တို့အပေါ်တွင် ချင့်ချိန်ဆောင်ရွက်နိုင်သည်။ ကျေးရွာအုပ်စု စီ/ထောက်ကော်မတီနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီသည် ကျေးရွာစီ/ထောက်ကော်မတီများ၏ အကောင်အထည်ဖော်ရေးအစီအစဉ်၊ ဝယ်ယူရေးအစီ အစဉ်နှင့် ဆောက်လုပ်ရေးလုပ်ငန်း တိုးတက်မှုတို့အပေါ် မူတည်၍ ဆုံးဖြတ်နိုင်သည်။

၃၆။ ရန်ပုံငွေကို လက်ဝယ်ထားရှိရန် လိုအပ်သည့်အချိန်တွင် လုံခြုံရေးအား စဉ်းစားရမည်။ အများက ယုံကြည် စိတ်ချရသူထံ အပ်နှံထားခြင်း သို့မဟုတ် အတတ်နိုင်ဆုံး လုံခြုံအောင် သိမ်းဆည်းထားနိုင်ရမည်။ အကယ်၍ စီမံ ကိန်းအစီအစဉ် ပြောင်းလဲပါက ငွေကို လက်ထဲတွင် တစ်ပတ်ကြာအထိ ကိုင်ဆောင်ထားနိုင်သည်။ ထို့ထက် ကြာ မည်ဆိုပါက ကျေးရွာအုပ်စု ဘဏ်စာရင်းတွင် ပြန်လည် အပ်နှံထားရမည်။

၃၇။ သာမန်အားဖြင့် ငွေထုတ်ပြီးပါက ချက်ချင်းသုံးစွဲရမည်။ ဥပမာ။ ။ ပစ္စည်းဖိုး ပေးချေရမည်။ မြို့မှရွာ/ ရွာမှ မြို့ အသွားအပြန် ငွေအား သယ်ဆောင်ခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရမည်။ ကျေးရွာစီ/ထောက်နှင့် ကျေးရွာ စာရင်းကိုင်သည် ကျေးရွာအုပ်စု စီ/ထောက်ကော်မတီအား ပေးချေရန် တောင်းဆို၍ လက်ဝယ်ထားရှိသည့် ငွေပမာဏအား လျှော့ချနိုင်သည်။

## ၆။ လူထုစီမံချက်

### ၆-၁။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

၃၈။ လူထုဗဟိုပြုစီမံကိန်း လုပ်ရှားမှုများတွင် ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရွာလူထု၏ သဘောထား အမြင်နှင့် ဦးစားပေးမှုများကို ကိုယ်စားပြုသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်စာအုပ်ကို ရေးဆွဲရမည်။ (အခန်း-၂၊ အပိုင်း ၂-၁/၂-၂) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုရေးဆွဲသည့်အခါ ပထမနှစ်စက်ဝန်း စတင်သည့်အချိန်တွင် ကဏ္ဍ အားလုံး ဆွေးနွေးမှုတွင် မပါဝင်ခဲ့လျှင် နောက်ပိုင်းရာသီစက်ဝန်းများတွင် နှစ်စဉ်ပြန်လည်သုံးသပ်မှုများ ပြုလုပ်ပြီး ထပ်မံ ဖြည့်စွက်ရမည် ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ အဓိကအပိုင်းများဖြစ်သည့် (ပုံစံ စ - ၃) ပါဝင်ပြီး စာအုပ်ပုံစံကိုလည်း ကျေးရွာတွင် ထိန်းသိမ်းထားရှိရမည်။

## ၇။ ရပ်ရွာကော်မတီများ

### ၇-၁။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ

၃၉။ ကျေးရွာအုပ်စုအဆင့်တွင် အဓိက ကော်မတီနှစ်ရပ် ရှိသည်။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို စစ်ဆေးခြင်းနှင့် ရန်ပုံငွေခွဲဝေချထားခြင်းအတွက် အဆုံးအဖြတ်ပေးခြင်းကို ဆောင်ရွက်သည်။ ဘဏ္ဍာရေးဆပ်ကော်မတီသည် ကျေးရွာအုပ်စုဘဏ်စာရင်းမှ ထောက်ပံ့ငွေ ထုတ်ယူခြင်းအပါအဝင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုကိစ္စရပ်များအတွက် တာဝန်ယူရသည်။ ဤကော်မတီနှစ်ရပ်ကို အောက်တွင်ဖော်ပြထားသည်။ စီမံကိန်းစက်ဝန်းအတွင်းဖွဲ့စည်းခြင်းနှင့် အသေးစိတ်လုပ်ငန်းတာဝန်များကို ဤစီမံကိန်းလက်စွဲ၏ အခန်း (၂) တွင် ဖော်ပြထားသည်။

၄၀။ **ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ**။ ၎င်းသည် စီမံကိန်းလုပ်ငန်းစဉ်အတွက် ကျေးရွာအုပ်စုအဆင့်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ (ကျေးရွာအုပ်စုစီ/ထောက်)သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အဆိုပြုထားသောစီမံကိန်းလုပ်ငန်းခွဲများကို ရန်ပုံငွေချထားပေးရန်စစ်ဆေး၍ တိုက်ရိုက်လွှဲပြောင်းထောက်ပံ့ငွေ ခွဲဝေချထားရေးဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေး စီမံကိန်းကိုရေးဆွဲ၍ မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) သို့ တင်ပြသည်။ ကျေးရွာအုပ်စု စီ/ထောက် ပထမအကြိမ်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူး၏ အကူအညီဖြင့် ကော်မတီဝင်များအတွင်းမှ ဥက္ကဋ္ဌနှစ်ဦး (ကျား ၁ + မ ၁) ရွေးချယ်ရမည် ဖြစ်သည်။

၄၁။ **ဘဏ္ဍာရေးဆပ်ကော်မတီ**။ ဘဏ္ဍာရေးဆပ်ကော်မတီသည် ကျေးရွာအုပ်စုဘဏ်ငွေစာရင်းမှ ငွေထုတ်ခြင်းအပါအဝင် ကျေးရွာအုပ်စုဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ စီမံခန့်ခွဲရန် တာဝန်ရှိသည်။ ကျေးရွာအုပ်စု၏ ပထမကြိမ်အစည်းအဝေးတွင် ကော်မတီဝင်များအတွင်းမှ ၃ ဦးကို အဓိကဘဏ္ဍာရေးဆပ်ကော်မတီဝင်များအဖြစ် ရွေးချယ်ဖွဲ့စည်းပြီး ၎င်းတို့ ၃ ဦးထဲမှ တစ်ဦးကို ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ပြီး တစ်ဦးကို ငွေစာရင်းကိုင်အဖြစ် သတ်မှတ်မည်။ ဤ ၃ ဦးအပြင် ကျေးရွာတစ်ရွာချင်းစီမှ ရွေးကောက် တင်မြှောက်ထားသော ငွေစာရင်းကိုင်များသည်လည်း ဘဏ္ဍာရေး ဆပ်ကော်မတီဝင်များ ဖြစ်သည်။ ဤအချက်များကို အခန်း (၂) နှင့် (၆) တွင် တစ်သမတ်တည်း ဖော်ပြထားသည်။ ကျေးရွာအုပ်စု စီ/ထောက် ကော်မတီဥက္ကဋ္ဌသည် ဘဏ္ဍာရေးဆပ်ကော်မတီ မဖြစ်နိုင်ပါ။

၄၂။ **အရည်အချင်းသတ်မှတ်ချက်**။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌများသည် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ ဖြစ်သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီတွင် အကြံပေးတစ်ဦးအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး အစည်းအဝေးပွဲများကိုလည်း ပုံမှန်တက်ရောက်ရမည် ဖြစ်သည်။ အဖွဲ့ဝင်များသည် မှားယွင်းစွာ ပြုကျင့်လျှင်ဖြစ်စေ၊ လက်ခံနိုင်သော လုပ်ငန်းစွမ်းဆောင်ရည် မရှိလျှင်ဖြစ်စေ (ကျေးရွာသူ/ ကျေးရွာသားများက ထောက်ခံသည့်အတိုင်း၊ ကျေးရွာလူထုစစ်ဆေးပွဲရလဒ်တွင် ဖော်ပြသည့် ရလဒ်များအတိုင်း) အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရန် လိုအပ်သည်။

၄၃။ **ဆုံးဖြတ်ချက်ချမှတ်ခြင်း။** ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီအစည်းအဝေးများအတွက် အဆိုပါအုပ်စုများမှ ကော်မတီဝင် အနည်းဆုံး သုံးပုံနှစ်ပုံစီ တက်ရောက်ရမည်ဖြစ်ပြီး ထိုကဲ့သို့တက်ရောက်မှသာ အစည်းအဝေး အထမြောက်မည်ဖြစ်သည်။ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့သည် ဆုံးဖြတ်ချက်များကို အများသဘောတူညီချက်ဖြင့် ရယူရမည်ဖြစ်သည်။

၄၄။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီဝင်များသည် လုပ်ငန်းဆောင်ရွက်ခြင်းအတွက် လုပ်အားခ ချီးမြှင့်ငွေ မရနိုင်ပါ။ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြု လုပ်ငန်းများအတွက် ခရီးသွားလာစရိတ်၊ စားစရိတ်ကို ကျေးရွာအုပ်စုသို့ လွှဲပြောင်းပေးငွေ၏ ၄ ရာခိုင်နှုန်းမှ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

## ၇-၂။ ကျေးရွာအုပ်စု အကြံပြုချက်ဖြေရှင်းရေးကော်မတီ

၄၅။ **အကြံပြုချက်ဖြေရှင်းရေးကော်မတီ။** ကျေးရွာအုပ်စုအကြံပြုချက်ဖြေရှင်းရေး ကော်မတီသည် ကျေးရွာအုပ်စုအတွင်း ဝေဖန်အကြံပြုချက်များကို ဖြေရှင်းပေးရမည်ဖြစ်သည်။ ဤကျေးရွာအုပ်စု အကြံပြုချက်ဖြေရှင်းရေးကော်မတီကို ကျေးရွာတစ်ရွာစီမှ အကြံပြုချက် ဖြေရှင်းရေးကိုယ်စားလှယ်များ (ကျား ၁ + မ ၁) ဖြင့် ဖွဲ့စည်းသည်။ ဤကော်မတီသည် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီမှ သီးခြားလွတ်လပ်သောကော်မတီ ဖြစ်သည်။ (ဥပမာ- အကြံပြုချက် ဖြေရှင်းရေး ကော်မတီဝင်သည် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီဝင် မဖြစ်နိုင်ပါ။) အကြံပြုချက် ဖြေရှင်းရေးကော်မတီကို စည်းရုံးရေးမှူးများက ကူညီရမည်။

## ၇-၃။ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီနှင့် ဆပ်ကော်မတီများ

၄၆။ **ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ။** အစီအစဉ်အတွက် ကျေးရွာအဆင့် အဓိကကော်မတီသည် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ (ကျေးရွာစီ/ထောက်) ဖြစ်သည်။ ဤကော်မတီက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဦးစားပေးအစီအစဉ်ကို ရေးဆွဲသည်။ ကျေးရွာ စီ/ထောက် ဖွဲ့စည်းခြင်းနှင့် တာဝန်များကို အခန်း (၂) တွင် အသေးစိတ် ဖော်ပြထားသည်။ ကျေးရွာ စီ/ထောက် ကော်မတီကို ကျား/မ အချိုးညီစွာ ဖွဲ့စည်းထားသည်။ ကော်မတီဝင်များအနက်မှ ၂ ဦး (ကျား ၁ + မ ၁) ကို ရွေးကောက်တင်မြှောက်သည်။ ဤကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ ၂ ဦးသည် ကျေးရွာအုပ်စု စီ/ထောက် ကော်မတီတွင် ကျေးရွာကို ကိုယ်စားပြုမည်ဖြစ်သည်။

၄၇။ **ဆပ်ကော်မတီများ။** ကျေးရွာစီ/ထောက်ကော်မတီသည် ဆပ်ကော်မတီ ၃ ခု ဖွဲ့စည်းရမည်ဖြစ်ပြီး အဆိုပါအဖွဲ့တွင် အဖွဲ့ဝင် ၃ ဦး ပါဝင်မည် ဖြစ်သည်။ (၁) ဝယ်ယူရေး ဆပ်ကော်မတီ (ဝယ်ယူရေးနှင့် ကန်ထရိုက် ချထားခြင်း)၊ (၂) စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေးဆပ်ကော်မတီ (စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ရန်) (၃) လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီတို့ ဖြစ်သည်။ ဆပ်ကော်မတီတိုင်းတွင် အနည်းဆုံး အမျိုးသမီးတစ်ဦး (သို့) တစ်ဦးထက်ပို၍ ပါဝင်နိုင်စေရမည်ဖြစ်ပြီး ထိုဆပ်ကော်မတီ အသီးသီး၏ ခေါင်းဆောင်တစ်ဦးစီကိုလည်း ရွေးချယ်ရမည် ဖြစ်သည်။

၄၈။ **အရည်အချင်းသတ်မှတ်ချက်**။ ကျေးရွာခေါင်းဆောင်မှအပ အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း တာဝန်များကို ထမ်းဆောင်လိုပါက ကော်မတီဝင်အဖြစ် ပါဝင်ရွေးချယ်ခံနိုင်သည်။ ကျေးရွာစီ/ထောက်ကော်မတီ ဥက္ကဋ္ဌများ (ကျား ၁ + မ ၁) တို့သည် ကျေးရွာဆပ်ကော်မတီဝင် မဖြစ်နိုင်ပါ။ ကျေးရွာစီ/ထောက် ကော်မတီဥက္ကဋ္ဌများ (ကျား ၁ + မ ၁) တို့သည် ကျေးရွာအုပ်စု စီ/ထောက်ကော်မတီဝင် ဖြစ်သည်။ အဖွဲ့ဝင်များသည် မှားယွင်းစွာ ပြုကျင့်လျှင်ဖြစ်စေ (လိုက်နာရန်စည်းကမ်းချက်များနှင့်ပြစ်ဒဏ်)၊ လက်ခံနိုင်သော လုပ်ငန်းစွမ်းဆောင်ရည်မရှိလျှင် ဖြစ်စေ (ကျေးရွာသူ/ကျေးရွာသားများက ထောက်ခံလျှင် စသည်) အားဖြင့် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရန် လိုအပ်သည်။

၄၉။ **ဆုံးဖြတ်ချက်ချမှတ်ခြင်း**။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီနှင့် ဆပ်ကော်မတီများ၏ အစည်းအဝေးများ အထမြောက်ရန်အတွက် ကော်မတီဝင်အနည်းဆုံး သုံးပုံနှစ်ပုံ တက်ရောက်ရန် လိုသည်။ ကျေးရွာစီ/ထောက်နှင့် ဆပ်ကော်မတီများသည် ဆုံးဖြတ်ချက်များကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အများသဘောထားဖြင့်ဖြစ်စေ သင့်လျော်သလို အသုံးပြုရွေးချယ်နိုင်သည်။ ဖြစ်နိုင်ပါက ကျေးရွာငယ် (တဲစု) များမှ ကိုယ်စားလှယ်များကို အစည်းအဝေးအထမြောက်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်စေရမည်။

၅၀။ ကျေးရွာစီ/ထောက် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ဘဏ္ဍာရေး ဝန်ထမ်းများနှင့် ဝေဖန်အကြံပြုဖြေရှင်းရေးကဏ္ဍမှ တာဝန်ရှိသူများသည် ၎င်းတို့လူထု၏ဆန္ဒအလျောက် တာဝန်ထမ်းဆောင်သင့်သည်။ ၎င်းတို့သည် ကော်မတီလုပ်ငန်းများအတွက် အခကြေးငွေမရရှိပါ။

၅၁။ **ကျေးရွာများအတွင်း စီမံကိန်းလုပ်ငန်းခွဲကော်မတီ**။ အကယ်၍ စီမံကိန်းလုပ်ငန်းခွဲတစ်ခုသည် ကျေးရွာ ၂ ရွာနှင့်အထက် အကျိုးပြုသောအခါ ကျေးရွာစီမံကိန်းလုပ်ငန်းခွဲကော်မတီဝင်များသည် ပူးပေါင်းပါဝင်သော ကျေးရွာကိုယ်စားလှယ်များအဖြစ် အချိုးကျ ပါရှိရမည်ဖြစ်သည်။

## ၇-၄။ ငွေစာရင်းကိုင်နှင့် ကျေးရွာ စေတနာ့ဝန်ထမ်းများ

၅၂။ ကျေးရွာစီ/ထောက်ကို အကူအညီပေးရန် ကျေးရွာတစ်ရွာတိုင်းသည် ကျေးရွာငွေစာရင်းကိုင် (ငွေပေးချေသူ၊ ငွေရှင်းသူ၊ ကျေးရွာအုပ်စု ငွေစာရင်းဆပ်ကော်မတီတွင် ကျေးရွာကိုယ်စားပြုတက်ရောက်သူ) နှင့် ကျေးရွာစေတနာ့ဝန်ထမ်း ၂ ဦး (ကျား ၁ + မ ၁) ရွေးချယ်ရမည်ဖြစ်သည်။ ကျေးရွာစေတနာ့ဝန်ထမ်းများသည် ကျေးရွာစီ/ထောက် ကော်မတီဝင် မဖြစ်စေရ။

## ၇-၅။ အကြံပြုချက်ဖြေရှင်းရေးအဖွဲ့

၅၃။ စီမံကိန်းနှင့် ပတ်သက်၍ ကျေးရွာလူထုအတွက် ပွင့်လင်းမြင်သာမှုရှိရန်နှင့် တစ်စုံတစ်ရာရှိလာပါက ဝေဖန်အကြံပြုနိုင်ရန်နှင့် ဆက်သွယ်ပြောကြားနိုင်ရန်အတွက် ကျေးရွာတစ်ရွာတိုင်းသည် အကြံပြုချက်ဖြေရှင်းရေး

ကိုယ်စားလှယ် ၂ ဦး (ကျား ၁ + မ ၁) ရွေးချယ်ရမည်။ အကြံပြုချက် ဖြေရှင်းရေးအဖွဲ့သည် ကျေးရွာ စီ/ထောက် ကော်မတီနှင့် ဆက်စပ်မှုမရှိသော သီးခြားလွတ်လပ်သည့် အဖွဲ့ဖြစ်ရမည်။ ဤကိုယ်စားလှယ်နှစ်ဦးသည် မျှတမှု ရှိရမည်၊ လေးစားဖွယ်ရှိရမည်၊ လျှို့ဝှက်အပ်သောကိစ္စကို ထိန်းသိမ်းလျှို့ဝှက်ထားနိုင်ရမည်။ ဤကိုယ်စားလှယ် တို့သည် ကျေးရွာအုပ်စု အကြံပြုချက် ဖြေရှင်းရေးကော်မတီဝင်များလည်း ဖြစ်သည်။

## ၈။ လူမှုဆိုင်ရာပူးပေါင်းပါဝင်မှုကဏ္ဍ

### ၈-၁။ ကျား/မ ဆိုင်ရာ ကဏ္ဍ

၅၄။ ကျေးရွာစီမံကိန်းစက်ဝန်းအတွင်း ကျား/မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်မှု မြင့်မားစေသော လုပ်ငန်းအများအပြား ဤလုပ်ငန်းတွင် ပါဝင်သည်။ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက် နည်းပညာမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် စီမံကိန်းတစ်လျှောက်လုံးတွင် စောင့်ကြည့်ကြီးကြပ်ရေး၊ အကြံပြုချက် ဖြေရှင်းရေးနှင့် လူထုစစ်ဆေးပွဲအပါအဝင် စီမံကိန်းလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင် ရွက်စေရန် လုပ်ဆောင်ရမည်။

(က) အကောင်အထည်ဖော်ရေးတွင်ပါဝင်သောဝန်ထမ်းများသည်လုပ်ငန်းများပြည့်စုံစွာအကောင်အထည်ဖော်နိုင် စေရန် စီမံကိန်းကာလတစ်လျှောက် ကျား/မဆိုင်ရာ သင်တန်းနှင့် မွမ်းမံသင်တန်းများကို တက်ရောက်ကြရ မည်။ သင်တန်းတွင် စီမံကိန်း အကောင်အထည်ဖော်ရာ၌ ကျား/မ ညီမျှမှုဆိုင်ရာနှင့် အမျိုးသမီးများ စွမ်း ဆောင်ရည် မြှင့်တင်ခြင်းနှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်စေခြင်းဆိုင်ရာ သဘောတရားများကို ဝန်ထမ်း များ နားလည်သဘောပေါက်စေရန်နှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရေးအတွက် အထောက်အကူပြုနိုင် သော နည်းလမ်းများ ပါရှိစေရမည်။

(ခ) တက်ရောက်သူဦးရေ သတ်မှတ်ထားသော ကျေးရွာ ပထမဆုံး အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးက ရာထူးတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားများ၊ လူထုဗဟိုပြုစီမံကိန်း၏ လူထု ပူးပေါင်းပါဝင်မှုများအကြောင်း သတင်းအချက်အလက် ဖြန့်ဝေခြင်းများ၊ ကျား/မ မခွဲခြားရေးနှင့် လူတန်းစားပေါင်းစုံပါဝင်ရေးများ စသည်တို့ ကို ပံ့ပိုးပေးသည်။ လူထုစည်းရုံးရေးမှူးသည် ကျေးရွာတစ်ရွာစီရှိ ကျေးရွာစေတနာ့ဝန်ထမ်းအဖွဲ့တွင် အနည်း ဆုံး အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးရွေးချယ်ရာတွင် အကူအညီပေးရမည်။

(ဂ) လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ၎င်းတို့ ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကိုဖော်ထုတ်နိုင်ရန် အမျိုးသမီးများနှင့် အမျိုးသားများကို သီးခြား အစည်းအဝေးပွဲများ ပြုလုပ်ပေးရမည်။ ထို့နောက် အုပ်စုတစ်စုချင်းစီ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာပုံစံများတွင် ထည့်သွင်းထားရမည်။ သီးခြားအစည်းအဝေးများတွင် ဆင်း ရဲသူများ၊ ထိခိုက်လွယ်သူ အမျိုးသား/အမျိုးသမီးများ ပါဝင်စေရမည်။ ဥပမာ- အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ အသက်အရွယ်အိုမင်းသူများ၊ မသန်စွမ်းသူများ ပါဝင်စေရမည်ဖြစ်သကဲ့သို့ မြေယာမဲ့များ နှင့် အပစ်ပယ်ခံအုပ်စုများလည်း ပါဝင်စေရမည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာ ကျေးရွာအနီးမှ လူနေထိုင်သော အိမ်အနည်းငယ်ကိုကျေးရွာနှင့် ပူးပေါင်းထားရှိပါက လူထုစည်းရုံးရေးမှူးနှင့် စေတနာ့ဝန်ထမ်းများသည် ယင်းအိမ်များတွင်လည်း အလားတူ အစည်းအဝေးများ ကျင်းပရမည်။

(င) ကျေးရွာ ဒုတိယကြိမ် အစည်းအဝေးတွင် အထမြောက်မှု သတ်မှတ်ချက်ပြည့်မီပါက ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ (ကျေးရွာစီ/ထောက်) နှင့် ဆပ်ကော်မတီ ရွေးကောက်ပွဲများ ကျင်းပသည်။ လူထုစည်းရုံးရေးမှူးသည် (၁) ကျေးရွာစီ/ထောက်တွင် ကျား/မအချိုးညီစွာ ပါဝင်စေရမည်။ (၂) ဆပ်ကော်မတီတိုင်းတွင် အနည်းဆုံးအမျိုးသမီးတစ်ဦး (သို့) တစ်ဦးထက်ပို၍ ပါဝင်နေစေရမည်။ ထိုသို့ပါဝင်စေရန်အတွက် အမျိုးသမီးများကို ခေါင်းဆောင်မှုနှင့်ပတ်သက်သော သင်တန်းများ၊ အတွေ့အကြုံများ ရရှိနိုင်ရန် သင့်လျော်သလို လုပ်ဆောင်ပေးရမည်။ (၃) ကျေးရွာစီ/ထောက်နှင့် ကျေးရွာအုပ်စု စီ/ထောက်တိုင်းတွင် အမျိုးသမီးတစ်ဦးသည် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ပါဝင်စေရမည်။ စီမံကိန်းလုပ်ငန်းခွဲများကို အမျိုးသား၊ အမျိုးသမီးများ ကျား/မ ပူးပေါင်းလျက် ရွေးချယ်နိုင်သည်။ ကျေးရွာအုပ်စု စီ/ထောက်တစ်ခုသည် ကျေးရွာအုပ်စုအတွင်း နှစ်စဉ်နှစ်တိုင်း အမျိုးသမီးများက ရွေးချယ်သော စီမံကိန်းလုပ်ငန်းခွဲတစ်ခုကို ရန်ပုံငွေ ခွဲဝေချထားပေးရန် သဘောတူရမည်။

(စ) ပုံမှန် စီမံကိန်းစီမံခန့်ခွဲမှု အစည်းအဝေးများတွင် ကျား/မ မခွဲခြားရေးနှင့် လူထု ပူးပေါင်းပါဝင်ရေး ကိစ္စရပ်များ၏ တိုးတက်မှုနှင့် စိန်ခေါ်မှုများကို ဆွေးနွေး၍ စီမံကိန်းတိုးတက်မှု အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

(ဆ) စီမံကိန်းလုပ်ငန်းခွဲ တစ်ခုစီအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ် ဆောင်ရွက်ရာတွင် ကျေးရွာစီမံကိန်းအထောက်အကူပြုဆပ်ကော်မတီက ကျေးရွာစီမံကိန်းလုပ်ငန်းခွဲ၏ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအပေါ် ကောင်းကျိုးသက်ရောက်မှုနှင့် ဆိုးကျိုးသက်ရောက်မှု နှစ်မျိုးစလုံးကို အထူးအလေးပေး စိစစ်ရမည်။ လိုအပ်သလို ခံနိုင်ရည်ရှိအောင် ဆောင်ရွက်၍ ဆိုးကျိုးများ ပပျောက်စေရမည်။

(ဇ) ကျေးရွာစီမံကိန်းလုပ်ငန်းခွဲတစ်ခုသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် လိုအပ်ပါက အဆိုပါအစီအစဉ်တွင် အမျိုးသားနှင့်အမျိုးသမီးများအား တန်းတူညီမျှ အကာအကွယ်ပေးရေး သီးခြားအစီအစဉ်များကို လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးတို့က သေချာစွာထည့်သွင်းရမည်။

(ဈ) ရွာသူ/ရွာသားတိုင်း စီမံကိန်းလုပ်ငန်းခွဲများတွင် ဆန္ဒရှိပါက ဝင်ရောက်လုပ်ကိုင်နိုင်သည်။ စီမံကိန်းလုပ်ငန်းခွဲများအတွက် အလုပ်ခေါ်ယူရာတွင် အများပြည်သူနှင့်ဆိုင်သော နေရာများတွင် ကြေညာရမည်။ အမျိုးသမီးများနှင့် အမျိုးသားများအား တူညီသော အလုပ်အကိုင်အခွင့်အလမ်းနှင့် အလုပ်အတွက်လည်း တူညီသော လုပ်ခလစာ ရရှိစေရမည်။ ကန်ထရိုက်ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများတွင်လည်း အလားတူဆောင် ရွက်ရမည်။ ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများသည် လုပ်ခပေးထားသည့်တန်ဖိုးနှင့် လုပ်အားပေးသော လုပ်သား ကျား/မ အရေအတွက်ကို မှတ်တမ်းတင်၍ စီမံကိန်းခွဲ စောင့်ကြည့်ကြီးကြပ်ရေး အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြရမည်။

## ၈-၂။ တိုင်းရင်းသားများနှင့် အခြားအုပ်စုများ

၅၅။ ရပ်ရွာစီမံကိန်း အကောင်အထည်ဖော်စဉ်ကာလတစ်လျှောက် တိုင်းရင်းသားလူမျိုးများအားလုံး၊ လူနည်းစု အုပ်စုများ၊ ဆင်းရဲသားများနှင့် အခြားသော ဝိုင်းအပယ်ခံအုပ်စုများ (ဥပမာ- မသန်စွမ်းသူများပါဝင်ခြင်း) အားလုံး အပြည့်အဝ ပါဝင်ခွင့်ရှိသော လုပ်ငန်းစဉ်များ ဤစီမံကိန်းတွင် ပါဝင်ပြီး စီမံကိန်း၏အကျိုးကျေးဇူးများကို တန်းတူ ညီမျှ ခံစားခွင့် ရှိစေပါသည်။ လုပ်ငန်းအားလုံးကို တိကျစွာ မှတ်တမ်းတင်ထားရပါမည်။

(က) ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသည် ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ စီမံကိန်းတွင် အကျုံးဝင်သည်။

(ခ) ကျေးရွာတွင်နေထိုင်လျက်ရှိသည့်တိုင်းရင်းသားလူမျိုးအားလုံးသည်စီမံကိန်းလုပ်ငန်းခွဲ စောင့်ကြည့်ကြီးကြပ် ရေး ဆပ်ကော်မတီတွင် ပါဝင်ရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများနှင့် သို့မဟုတ် ဘာသာရေးအုပ်စုများသည် ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေး ဆပ် ကော်မတီတွင် မပါဝင်သေးလျှင် လူထုစည်းရုံးရေးမှူး၊ ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီတို့က ထိုအုပ်စုများနှင့် တွေ့ဆုံကာ မည်သည့်အုပ်စုမှ ကိုယ်စားလှယ်များက စောင့်ကြည့်ကြီးကြပ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည်ကို ဆွေးနွေးကာ သဘောတူညီချက် ရယူရ မည်။ ဤအချက်သည် ကျေးရွာနေ တိုင်းရင်းသားများက စီမံကိန်းလုပ်ငန်းခွဲကို အထူးစောင့်ကြည့် ကြီးကြပ် ခြင်း ပါဝင်သည်။

(ဃ) ကျေးရွာတစ်ရွာချင်းစီမှ ကျေးရွာအုပ်စု ကိုယ်စားလှယ်များသည် လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာစေတနာ့ ဝန်ထမ်းများနှင့်အတူ ကျေးရွာများတွင်အစည်းအဝေးကျင်းပရန် ကြိုတင်အကြောင်းကြားထားခြင်း၊ အကြံ ပေး အစည်းအဝေးများ ကျင်းပကာ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ်အကြောင်းကို ရှင်းလင်းပြောကြားရမည့် အပြင် ကျေးရွာအတွင်းရှိ တိုင်းရင်းသားလူမျိုးများနှင့် သို့မဟုတ် ဘာသာရေးအုပ်စုများအားလုံး ကျေးရွာ အုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်အား ပံ့ပိုးကူညီမှု ရှိ/မရှိ စိစစ်ရပါမည်။

(င) တိုင်းရင်းသားလူမျိုးအုပ်စုများက ဦးစားပေး ကျေးရွာစီမံကိန်းလုပ်ငန်းခွဲနှင့် ပတ်သက်၍ စာဖြင့်ရေးသားသော မကျေနပ်မှု/စိုးရိမ်မှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီသည် ဦးစားပေးမှုများကို ပြန်လည် ဆန်းစစ်၍ ပြုပြင်ရေးဆွဲပြီး ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများကို မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသို့ အတည်ပြုပေးရန် တင်ပြရမည်။

(စ) လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ် ကြိုတင် ပြင်ဆင်ရေးအတွက် တိုင်းရင်းသားလူမျိုးများနှင့် ကြိုတင်၍ သတင်းပေး ဆွေးနွေးရမည်။ ကျေးရွာစီမံကိန်း လုပ်ငန်းခွဲများ အတည်မပြုမီ ကြိုတင်သတင်းပေးကာ လူနည်းစုတစ်ခုချင်းစီ၏ လိုအပ်ချက်များနှင့် ဦးစားပေး မှုများကို မှတ်တမ်းတင်ထားရမည်။

(ဆ) ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်ကြိုတင်ပြင်ဆင်သည့် ကာလအတွင်း တိုင်ပင် ဆွေးနွေးမှုများကို အခြေခံ ကာ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး လုပ်ငန်းခွဲများသည် တိုင်းရင်းသားလူမျိုးများ၏ လိုအပ်ချက်များ၊ ဦးစားပေးမှုများ

ကို အပြည့်အဝ ထင်ဟပ်မှုရှိစေရန် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီက သေချာစွာ ဆောင်ရွက်ရမည်။

(ဇ) ကျေးရွာစီ/ထောက်ကော်မတီအစည်းအဝေးများနှင့် အုပ်စု စီ/ထောက် ကော်မတီအစည်းအဝေးများတွင် အသုံးများသော ဒေသသုံး ဘာသာစကားဖြင့် ကျင်းပရမည်။ ထိုအစည်းအဝေးများတွင် ဆွေးနွေးချက်များကို ကျေးရွာသူ/ကျေးရွာသားများ အားလုံးက အပြည့်အဝနားလည်သဘောပေါက်မှု သေချာစေရန် ထိရောက်မှု ရှိသည့် အဖွဲ့လိုက် စည်းရုံးဆွေးနွေးခြင်း နည်းလမ်းများ အသုံးပြု၍ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူ ပြုကော်မတီ၊ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များနှင့် ကျေးရွာ စေတနာ့ဝန်ထမ်းတို့က ကြိုးပမ်းဆောင်ရွက်ရမည်။ ပံ့ပိုးကူညီမှုစွမ်းရည်နှင့် လူထုစည်းရုံးလှုံ့ဆော်မှုကဲ့သို့သော သတင်းအချက် အလက် ဖြန့်ချိခြင်းများနှင့် ပွင့်လင်းမြင်သာမှုများအတွက် လိုအပ်သည့်သင်တန်းများကို ကဏ္ဍအလိုက် မြို့နယ်တိုင်းတွင် ပို့ချရမည်။ စီမံကိန်းနှင့်ပတ်သက်သော ရေးသားဖော်ပြချက်များကို ဒေသသုံးဘာသာစကား ဖြင့်ပင် ကျေးရွာနှင့် ကျေးရွာအုပ်စုအတွင်း အများပြည်သူ အလွယ်တကူရရှိအောင် ဆောင်ရွက်ရမည်။

(ဈ) စီမံကိန်းနှင့် ဆက်နွယ် အသုံးပြုနေသော သတင်းအချက်အလက်များကို အဆိုပါကျေးရွာနှင့် ကျေးရွာအုပ်စု တွင် ဒေသခံဘာသာစကားဖြင့် ရရှိနိုင်အောင် ကြော်ငြာသင်ပုန်းများတွင် ထားရှိပါသည်။ (ဥပမာ - လက် ကမ်းစာစောင်များ၊ ပိုစတာများ)

### ၈-၃။ မသန်စွမ်းမှုဆိုင်ရာ

၅၆။ မသန်စွမ်းသူများသည်လည်း တိုင်းရင်းသားအုပ်စုများနှင့် အမျိုးသမီးများကဲ့သို့ ထိခိုက်လွယ်အုပ်စု ဖြစ် သည်။ လူထုဗဟိုပြုစီမံကိန်း၏ လူမှုရေးဆိုင်ရာ မူဝါဒနှင့်အညီ (က) မသန်စွမ်းသူများကို ကျေးရွာစီမံကိန်းရေးဆွဲ ခြင်းများနှင့် ကော်မတီလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နိုင်ရန် အားပေးခြင်း၊ (ခ) အခြေခံအဆောက်အအုံ ဒီဇိုင်းများ အတွက် အဓိကလိုအပ်ချက်များကို လက်ထောက်နည်းပညာမှူးများနှင့်အတူ စီမံကိန်းလုပ်ငန်းခွဲ ဒီဇိုင်းရေးဆွဲခြင်း များတွင် ဆွေးနွေးရန် အခွင့်အရေးပေးခြင်း စသည်တို့သည် အရေးကြီးသော အချက်များဖြစ်သည်။

## ၉။ စီမံကိန်းအချက်အလက် နည်းပညာ

၅၇။ စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်ရေး၏ ရည်ရွယ်ချက်မှာ တိုးတက်မှုအခြေအနေ ဆန်းစစ်ရန်နှင့် အကဲဖြတ်ရန်ဖြစ်သည်။ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေး (M&E) တွင် အောက်ပါအစိတ်အပိုင်းများ ပါဝင်သည်။

(က) **လုပ်ငန်းဆောင်ရွက်ခြင်းများ** - အကောင်အထည်ဖော်ရေးလုပ်ငန်း တိုးတက်မှုနှင့် ဘဏ္ဍာရေးကိစ္စရပ်များကို စောင့်ကြည့်စစ်ဆေးသည်။

(ခ) **လေ့လာခြင်း** - စာရွက်စာတမ်း ထိန်းသိမ်းခြင်းနှင့် ကျေးရွာစီမံကိန်း စက်ဝန်းမှရရှိလာသော သင်ခန်းစာများကို နောက်တစ်ကြိမ် စီမံကိန်းစက်ဝန်းတွင် အသုံးပြုသည်။

(ဂ) **ရလဒ်များ -** စီမံကိန်းရလဒ်မူဘောင်များအတွင်း အကျိုးသက်ရောက်မှု ရလဒ်များ ဖော်ပြသည်။

(ဃ) **အကဲဖြတ်ခြင်း -** ကိန်းဂဏန်းပေါ် လေ့လာခြင်း၊ ကျား/မ မခွဲခြားရေး၊ နည်းပညာ၊ ဘဏ္ဍာရေး၊ လူမှုဆိုင်ရာ သုံးသပ်မှုများနှင့် လူထုစစ်ဆေးခြင်းများ၊ အကာအကွယ်များ၊ လုပ်ငန်းကြီးကြပ်မှုခရီးစဉ် တွေ့ရှိချက်များ အပေါ် အရည်အသွေး အကဲဖြတ်ခြင်းများဖြစ်သည်။

၅၈။ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေးတွင် အဓိကအသုံးပြုသော ကိရိယာသည် စီမံကိန်းအချက်အလက် နည်းပညာ PMIS ဖြစ်သည်။ စီမံကိန်းအချက်အလက် နည်းပညာ PMIS သည် စီမံကိန်းစီမံခန့်ခွဲမှု ဆုံးဖြတ်ချက် အထောက်အကူပြုစေမည့် အချက်အလက်မျိုးစုံ (စီမံကိန်းစက်ဝန်း၊ ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ လူမှုတာဝန်ယူမှု အချက်အလက်များ) စောင့်ကြည့်စစ်ဆေးရန်နှင့် ရလဒ်ဇယားတွင် အခြေအနေကို စစ်ဆေးရန်တို့ ပါရှိဆောင်ရွက်နိုင်သော ကွန်ရက်ဖြစ်သည်။

၅၉။ PMIS ကို MIS ဟု ကောက်နုတ်ရည်ညွှန်းနိုင်သည်။ MIS တွင် ကျေးရွာတိုင်း၏ ကောက်နုတ်ထားသော အချက်အလက်များ ပါဝင်သည်။ စီမံကိန်းအချက်အလက်များ သိမ်းဆည်းနိုင်သောနေရာတွင် ထိန်းသိမ်းထားရှိပြီး မြို့နယ်အလိုက်နှင့် စီမံကိန်းတစ်ခုလုံး၏ အခြေအနေကို ခြုံငုံသုံးသပ်နိုင်စေသည်။ လူထုစည်းရုံးရေးမှူးက ကျေးရွာဆိုင်ရာ အချက်အလက်များကို Tablets တွင် ထည့်သွင်းသည်။ ယင်းအချက်အလက်ကို စီမံကိန်းတစ်ခုလုံး၏ အချက်အလက် သိမ်းဆည်းထားရှိရာ ဗဟို SQL Database သို့ အပတ်စဉ် အချက်အလက်များ ဖြည့်သွင်းသည်။ ဤနည်းအားဖြင့် www.ncddpmis.com တွင် အများပြည်သူများ လေ့လာကြည့်ရှုနိုင်သည်။

၆၀။ စီမံကိန်းအချက်အလက် နည်းပညာ၏ အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားပြီး အပိုင်း (၃) တွင် အချက်အလက်ကောက်ယူခြင်းနှင့် အစီရင်ခံခြင်းပုံစံ အပြည့်အစုံကို တင်ပြထားသည်။

၆၁။ စီမံကိန်းအချက်အလက်နည်းပညာများ ပြုပြင်ထိန်းသိမ်းရာတွင် ပြည်ထောင်စုအဆင့် နည်းပညာအကြံပေးသည် DRD ကို ပံ့ပိုးကူညီရန် တာဝန်ရှိသည်။

## ၁၀။ အစီရင်ခံခြင်း

၆၂။ အစီအစဉ်ကို ထိရောက်စွာ စောင့်ကြည့် ကြီးကြပ် အကဲဖြတ်နိုင်စေရန် လူထုဗဟိုပြုစီမံကိန်း ကျေးလက်နှင့် မြို့နယ်အဆင့်တို့သည် ဖြေရှင်းပေးရန် လိုအပ်လျက်ရှိသော အကောင်အထည်ဖော်ရေး တိုးတက်မှုအစီရင်ခံစာများ ပြုစုတင်ပြရသည်။ ပြည်ထောင်စုအဆင့် စီမံကိန်းရုံးသည် ပုံမှန်အစီရင်ခံစာများ ပြုစု၍ စီမံကိန်းဦးဆောင်ကော်မတီ၊ ကမ္ဘာ့ဘဏ်နှင့် ပြင်ပအလှူရှင်များထံ တင်ပြသည်။ အစီရင်ခံစာ ပေးပို့တင်ပြမှုကို နောက်ဆက်တွဲ (၂) တွင် အသေးစိတ် ဖော်ပြထားပါသည်။

## ၁၁။ အကြံပြုချက်ဖြေရှင်းရေးနှင့် တာဝန်ယူ တာဝန်ခံမှု

၆၃။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ တာဝန်ခံမှုသည် စီမံကိန်း၏ ပင်မအစိတ်အပိုင်းဖြစ်သည်။ စီမံကိန်းတွင် အကြံပြုချက် ဖြေရှင်းရေးစနစ်ကို တည်ထောင်ထားသည်။ အကြံပြုချက် ဖြေရှင်းရေးစနစ်၏ ရည်မှန်းချက်သည် တာဝန်ယူမှုတိုးတက်စေရန်ဖြစ်ပြီး အဆင့်အသီးသီးရှိ စီမံကိန်းသက်ဆိုင်သူများ အားလုံး၏ အကြံဉာဏ် ပါဝင်ခွင့်ကို ရရှိစေမည်ဖြစ်သည်။ စီမံကိန်းကို သက်ရောက်မှုရှိစေသော ဝန်ထမ်း၏ မမှန်ကန်သော လုပ်ဆောင်မှု၊ ငွေကြေး အလွဲသုံးစားမှု၊ လုပ်ပိုင်ခွင့် အလွဲသုံးစားမှုနှင့် အခြားသောလုပ်ဆောင်မှုများကို ဖော်ထုတ်နိုင်သော ယန္တရား ဖြစ်သည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို တိုးတက်လာစေခြင်းဖြင့် အကြံပြုချက် ဖြေရှင်းရေးယန္တရားသည် အကျင့်ပျက်ခြစားမှုကို လျော့ကျစေပြီး စီမံကိန်းစီမံခန့်ခွဲမှုအတွက် ပြန်လည်သတင်းပို့ခြင်းနှင့် လေ့လာရေး ယန္တရား အဖြစ် အသုံးဝင်နိုင်မည်ဖြစ်သည်။

၆၄။ လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်သော အကြံပြုချက်ဖြေရှင်းရေး ယန္တရားသည် လူနည်းစု တိုင်းရင်းသားများ၊ ဘာသာရေးအဖွဲ့များနှင့် ဤလက်စွဲစာအုပ်တွင် ဖော်ပြထားသည့် အခြားအထူးအုပ်စုများ အပါအဝင် ပါဝင်သူ အားလုံး အသုံးပြုနိုင်သည်။ လုပ်ထုံးလုပ်နည်းများတွင် ဝေဖန်အကြံပြုတိုင်ကြားမှုများ လက်ခံရုံသာမက မည်ကဲ့သို့ ပြန်လည်ဖြေရှင်းပေးမည်ဆိုသည့် အချက်များကိုပါ တစ်ပါတည်း ထည့်သွင်းဖော်ပြထားသည်။ အကြံပြုချက် ဖြေရှင်းရေးယန္တရားတွင် လူထုအနေဖြင့် ထိုလုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် အချက်အလက်ဖြန့်ဝေသည့် နည်းလမ်းများနှင့် သင်တန်းများကို အသုံးပြုသည်။ ကျေးရွာတိုင်းမှ အများ ယုံကြည် လေးစားသူ ၂ ဦး (ကျား ၁ + မ ၁) ကို ရွေးကောက်တင်မြှောက်ပြီး အကြံပြုချက်ဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်း၍ ကျေးရွာအုပ်စု အကြံပြုချက် ဖြေရှင်းရေးကော်မတီကို ဖွဲ့စည်းထားရှိသည်။ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်တွင် အကြံပြုချက် ဖြေရှင်းရေးဝန်ထမ်း သီးသန့် ခန့်ထားဆောင်ရွက်သည်။ ဝေဖန်အကြံပြု ဖြေရှင်းခြင်းနည်းလမ်း အသေးစိတ်ကို စီမံကိန်းလက်စွဲစာအုပ် အခန်း (၂) တွင် ဖော်ပြထားရှိသည်။

### ၁၁-၁။ ကျင့်ဝတ်နှင့် အရေးယူမှုများ

၆၅။ စီမံကိန်းအကောင်အထည်ဖော်ရေးတွင် ပါဝင်သူအားလုံး (ပြည်ထောင်စုနှင့် မြို့နယ်စီမံကိန်း အစိုးရဝန်ထမ်းများ၊ ပြည်ထောင်စုနှင့် မြို့နယ်အဆင့် လက်ထောက်နည်းပညာမှူးများ၊ နည်းပညာဆိုင်ရာအကြံပေးများ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီဝင်များ၊ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များ၊ လူထုစည်းရုံးရေးမှူးများ၊ ကန်ထရိုက်တာများ၊ ကျေးရွာစေတနာ့ဝန်ထမ်းများ၊ ကျေးရွာငွေစာရင်းကိုင်များ) သည် တာဝန်ဝတ္တရားများကို ရိုးသားစွာနှင့် အပြုသဘောဖြင့် ထမ်းဆောင်ရမည်။ အောက်ပါကျင့်ဝတ်များကို လက်မှတ် ရေးထိုးလိုက်နာကြရမည်။

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများကို လိုက်နာရမည်။

(ခ) စီမံကိန်းတွင် ပါဝင် ပတ်သက်သူများ၏ အခွင့်အရေးများကို လေးစားရမည်။
(ဝေဖန်အကြံပြုဖြေရှင်းရေးနှင့် တာဝန်ခံမှု)

(ဂ) စီမံကိန်းတည်ရှိရာဒေသများတွင် နေထိုင်ကြသော အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများ၊ ဆင်းရဲသားများနှင့် မသန်စွမ်းသူများ၊ ဘာသာရေးအုပ်စုများသည် စီမံကိန်းတွင် တက်ကြွစွာ ပါဝင်နိုင်စေရမည်။ စီမံကိန်း၏ အကျိုးကျေးဇူးများ ရရှိ ခံစားနိုင်ခွင့် ရရှိစေရမည်။

(ဃ) လုပ်ပိုင်ခွင့် အသုံးပြုခြင်း/ ဆွေမျိုးကောင်းစားရေးဝါဒ၊ အကျိုးစီးပွားဆန့်ကျင်မှု၊ ရန်ပုံငွေကို လွှဲပြောင်းမှုနှင့် အလွဲသုံးမှု၊ လာဘ်ယူမှု၊ လာဘ်ပေးမှုနှင့်ကျေးရွာစီမံကိန်းလုပ်ငန်းခွဲတန်ဖိုးကိုလျှော့ချမှုစသည်တို့အပါအဝင် အဂတိလိုက်စားမှုနှင့် လိမ်လည်မှုများကို ရှောင်ကြဉ်ရမည်။

(င) သံသယရှိသော လိမ်လည်မှုနှင့် လာဘ်စားမှုများကို အစီရင်ခံရမည်။

(စ) စီမံကိန်းဒေသများရှိ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း ဥပဒေများကို လေးစားရမည်။

(ဆ) အကောင်အထည်ဖော်ရေးလက်စွဲပါ ပြဋ္ဌာန်းချက်များကို စေ့စပ်ထိရောက်စွာ လိုက်နာရမည်။

(ဇ) လုပ်ငန်းခွင်မှ ပေါ်ပေါက်လာသော မည်သည့်ပြဿနာများကိုမဆို တိုက်ရိုက် ကြီးကြပ်သူသို့ဖြစ်စေ၊ နောက်ထပ် တစ်ဆင့်မြှင့် လုပ်ပိုင်ခွင့်ရှိသူထံသို့ဖြစ်စေ အစီရင်ခံရမည်။

၆၆။ ဖြည့်စွက်ချက်အနေဖြင့် ကန်ထရိုက်တာများ၏ လုပ်ငန်းစာချုပ်ချုပ်ဆိုမှုအတွက် အထက်ပါကျင့်ဝတ်နှင့် အရေးယူမှုများ အတိအကျကို ဝယ်ယူရေးပုံစံ - ၀.၆ တွင် ဖော်ပြထားသည်။ ရွာလူထု အလွယ်တကူ နားလည် သဘောပေါက်စေရန် အထက်ပါ ကျင့်ဝတ်များ၏ အကျဉ်းချုပ်အဖြစ် ဆောင်ရန် ၅ ခုနှင့် ရှောင်ရန် ၅ ခုရှိသည်။ ကျေးရွာကော်မတီ ရွေးကောက်ပွဲတွင် ၎င်းကိုအသုံးပြုသည်။ ယင်းကျင့်ဝတ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဆောင်ရန်

(၁) ရိုးသားရမည်။

(၂) ပွင့်လင်းရမည်။

(၃) မြန်မာနိုင်ငံ ဥပဒေများကို သိရှိလိုက်နာရမည်။

(၄) သူတစ်ပါး၏ ရပိုင်ခွင့်များကို သိရှိနားလည်ရမည်။

(၅) ကျေးရွာကို လေးစားမှုရှိပြီး ယောကျာ်း/မိန်းမ၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်း၊ လူမျိုးဘာသာ မခွဲခြားဘဲ ဆက်ဆံ ဆောင်ရွက်ရမည်။

ရှောင်ရန်

(၁) လာဘ်ငွေ၊ လက်ဆောင်ပစ္စည်း၊ ပုဂ္ဂလိကသုံး ပစ္စည်းတို့လက်မခံရ၊ မယူရ။

(၂) စာရွက်စာတမ်း အတုအပ မပြုလုပ်ရ။

(၃) ဆွေမျိုး၊မိတ်ဆွေတို့ကို ကန်ထရိုက်မပေးရ/ ပစ္စည်းမဝယ်ရ။

(၄) စီမံကိန်းကို မိမိကိုယ်ကျိုးအတွက် အသုံးမပြုရ။

(၅) အသက် ၁၅ နှစ်အောက်ငယ်သော ကလေးကို စီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် မခိုင်းစေရ၊ မတရားခိုင်းစေမှု မပြုလုပ်ရ။

### ၁၁-၂။ အရေးယူမှုများ

၆၇။ စီမံကိန်းအကောင်အထည်ဖော်ရေးတွင် ပါဝင်သူတစ်ဦးတစ်ယောက်သည် ကျင့်ဝတ်များကို ချိုးဖောက်ကြောင်း တွေ့ရှိပါက စည်းကမ်းအရ အရေးယူခံရမည်။ အရေးယူမှုများကို တစ်ဦးချင်းစီ၊ အဖွဲ့အစည်းများ (ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီနှင့် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီကဲ့သို့) နှင့် ပုဂ္ဂလိက ကန်ထရိုက်များအပေါ် ချမှတ်နိုင်သည်။ အရေးယူမှုအသေးစိတ်ကို စီမံကိန်းလက်စွဲစာအုပ်အခန်း (၂) တွင် ဖော်ပြထားသည်။

၆၈။ စီမံကိန်းရန်ပုံငွေ သို့မဟုတ် လုပ်ပိုင်ခွင့်ကို မမှန်မကန် အသုံးပြုထားကြောင်း တင်ပြရန် ပျက်ကွက်မှုသည် လိုက်နာရန်စည်းကမ်းကို ဖောက်ဖျက်ခြင်းဖြစ်သည်။ ကျေးရွာတစ်ရွာက မမှန်မကန် အသုံးပြုသည့် ကိစ္စရပ်ကို တင်ပြလာပါက ကျေးရွာအုပ်စုမှ ရရှိမည့်ရန်ပုံငွေကို ရပ်တန့်မည်မဟုတ်ပါ။ လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးတို့မှ ကျေးရွာလူထုအား သေချာသဘောပေါက်အောင် ရှင်းပြရန် တာဝန်ရှိသည်။ မကျေနပ်ချက်တစ်စုံတစ်ရာပေါ်ပေါက်ခြင်းဖြင့် ကျေးရွာအုပ်စု/ကျေးရွာ၏ ထောက်ပံ့ငွေ ဆုံးရှုံးမည်မဟုတ်ပါ။

## ၁၂။ အသိပညာနှင့် သင်ယူခြင်း

### ၁၂-၁။ ဆက်သွယ်ရေး

၆၉။ ကျေးလက်/ဦးစီးသည် ပြည်ထောင်စုအဆင့် နည်းပညာအကူအညီအဖွဲ့၏ အကူအညီဖြင့် -

(က) စီမံကိန်းသက်ဆိုင်သူများထံ အကောင်အထည်ဖော်မှု သတင်းထုတ်ပြန်ရန်၊ စီမံကိန်းမှ ရပိုင်ခွင့်နှင့် တာဝန်များကို အသိပေးနိုင်ရန်အတွက် ဆက်သွယ်ရေး/ပြန်ကြားရေးစီမံချက် ရေးဆွဲခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း ဆောင်ရွက်မှုနှင့် စစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းတို့ ဆောင်ရွက်ရမည်။ စီမံကိန်းအဆင့်တိုင်း ပါဝင်စေရမည်။ (ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး၊ ပြည်ထောင်စု) ကိစ္စရပ်တိုင်း ပါဝင်စေရမည်။ (ပွင့်လင်းမြင်သာမှုနှင့် မကျေနပ်ချက် ဖြေရှင်းမှု၊ လူမှုနှင့် သဘာဝပတ်ဝန်းကျင်အကာအကွယ်၊ ကျား/မ မခွဲခြားရေး စသည်တို့ ဖြစ်သည်)

(ခ) တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပါဝင်သူအားလုံးနှင့် ဆက်သွယ်ရေးကွန်ရက် ဖန်တီးခြင်းနှင့် ထိုဆက်သွယ်မှုကို ထိန်းသိမ်းထားခြင်း။

(ဂ) စီမံကိန်းတစ်ခုလုံး ကျယ်ပြန့်စွာ ထိရောက်အောင်မြင်မှု ရရှိစေရန်နှင့် ပါဝင်ပတ်သက်သူအားလုံးနှင့် ပြောဆိုဆက်ဆံခွင့်ရရှိပြီး ရေရှည်ဆက်ဆံရေး ကောင်းမွန်စေရန် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်း။

(ဃ) စီမံကိန်းနှင့် ဆက်စပ်သည့်သတင်းများ၊ ဆောင်းပါးများအပေါ် အမြဲမပြတ် လေ့လာခြင်းနှင့် ခွဲခြားဆန်းစစ်ခြင်း။

(င) စီမံကိန်းအပေါ် အကျိုးသက်ရောက်မှု ရှိစေနိုင်သည့် သတင်းများ၊ ဆောင်းပါးများအပေါ် သင့်လျော်သည့် တုံ့ပြန်မှုများပေးနိုင်ရန် ခွဲခြားရွေးထုတ်ခြင်း။

(စ) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသည့် စာရွက်စာတမ်းများအား မြန်မာဘာသာသို့ (သို့မဟုတ်) အခြားဒေသသုံး ဘာသာစကားများသို့ ပြန်ဆိုရာတွင် သို့မဟုတ် အပြန်အလှန် ပြောဆိုရေးသားရာတွင် တိကျ မှန်ကန်ကြောင်း သေချာစေခြင်း။

၇၀။ မြို့နယ်အဆင့် ဆက်သွယ်ရေးဆောင်ရွက်မှုကို ပြည်ထောင်စုအဆင့် ကျေးလက်ဦးစီးဌာန၏ ဆက်သွယ်ရေး မဟာဗျူဟာနှင့်အညီဖြစ်ပါက ကျေးလက်/ဦးစီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းလုပ်ဆောင်ချက်များအတွက် ကုန်ကျစရိတ်ကို မြို့နယ်အဆင့် လုပ်ငန်းရပ်အလိုက် ရန်ပုံငွေတောင်းခံမှုနည်းဖြင့် တောင်းခံနိုင်သည်။

## ၁၂-၂။ စီမံကိန်း သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ပွဲ

၇၁။ **မြို့နယ်အဆင့်သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ**။ ကျေးရွာအုပ်စုတွင်း စီမံကိန်းလုပ်ငန်းခွဲများအားလုံး ပြီးစီးသောအချိန် (စီမံကိန်းစက်ဝန်းတစ်ခုပြီးဆုံးချိန်) တိုင်းတွင် ကျေးလက်/ဦးစီးမြို့နယ်ရုံးက မြို့နယ်အတွင်း၌ စီမံကိန်းသက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ပွဲအစည်းအဝေးတစ်ခု ကျင်းပရမည်။ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ စီမံကိန်းနှင့်သက်ဆိုင်သူများကို မြို့နယ်အဆင့်သို့ ဖိတ်ခေါ်ပြီး ပြီးခဲ့သောစီမံကိန်းနှစ်မှ ရရှိသော အတွေ့အကြုံများကို ဖလှယ်ပြီး လာမည့်စီမံကိန်းနှစ်အတွက် တိုးတက်ကောင်းမွန်သော စီမံကိန်းဒီဇိုင်းနှင့် အကောင်အထည်ဖော်ရေးနည်းလမ်းများကို ဆွေးနွေးရန်ဖြစ်သည်။ အစည်းအဝေးတက်ရောက်သူများတွင် အစိုးရအရာရှိများ၊ ရပ်ရွာအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် အကြံပေးအဖွဲ့၊ စိတ်ပါဝင်စားသော NGOများ၊ ဒေသတွင်း လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်သည်။

၇၂။ ထိုအစည်းအဝေးတွင် ကျေးလက်/ဦးစီးမြို့နယ်ရုံးက မြို့နယ်စီမံကိန်း အကောင်အထည်ဖော်မှု နှစ်ပတ်လည်အစီရင်ခံစာကို တင်ပြရမည်။ အစည်းအဝေးတက်ရောက်သူများက နှစ်ပတ်လည်အစီရင်ခံစာနှင့် လူထုစစ်ဆေးပွဲရလဒ်များ၊ မြို့နယ်အတွင်းဆောင်ရွက်သော ကျေးရွာစီမံကိန်း လုပ်ငန်းခွဲများအပေါ် နည်းပညာနှင့် ငွေကြေးစာရင်းစစ်ဆေးချက်ရလဒ်များကို ဆွေးနွေးရမည်။ ဆွေးနွေးချက်များသည် အများပြည်သူသို့ ထုတ်ပြန်နိုင်ပြီး ပွင့်လင်းစွာ ဆွေးနွေးနိုင်ရမည်။

၇၃။ အစည်းအဝေးကျင်းပပြီးနောက် ကျေးလက်/ဦးစီးမြို့နယ်ရုံးသည် အဓိကဆွေးနွေးချက်များ၊ အကြံပြုချက်များနှင့် ထောက်ခံချက်များကို အကျဉ်းချုပ်ကာ အစီရင်ခံစာကို မြို့နယ် DRD ကိုယ်စား TTA မှ အတိုချုပ် ပြုစုရမည်။ ထိုအစီရင်ခံစာကို ကျေးလက်/ဦးစီးမြို့နယ်ရုံးမှ ကျေးလက်/ဦးစီး ပြည်ထောင်စုအဆင့်သို့ တင်ပြရမည်။ ထို့ပြင် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက ထိုအစီရင်ခံစာကို ဒေသသုံး ဘာသာစကားများဖြင့် ကျေးရွာနှင့် ကျေးရွာအုပ်စု ကြော်ငြာသင်ပုန်းများတွင် ကပ်ထားရမည်။

၇၄။ **ပြည်ထောင်စုအဆင့်သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ**။ ကျေးလက်/ဦးစီး ပြည်ထောင်စုအဆင့်သည် စီမံကိန်းမြို့နယ်အားလုံးတွင် လုပ်ငန်းသုံးသပ်အစည်းအဝေး ပြီးစီးပါက စီမံကိန်းအကောင်အထည်ဖော်သူပေါင်းစုံ ပါဝင်သော သုံးသပ်သည့် ပြည်ထောင်စုအဆင့်အစည်းအဝေးကို ကျင်းပရမည်။ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ် ဆွေးနွေးပွဲများနည်းတူ ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲတွင် စီမံကိန်းမြို့နယ်များအားလုံး ပြီးခဲ့သောစီမံကိန်းနှစ်မှ ရရှိသော အတွေ့အကြုံများကို အခြေခံပြီး လာမည့်စီမံကိန်းနှစ်အတွက် တိုးတက်ကောင်းမွန်သော စီမံကိန်းဒီဇိုင်းနှင့် အကောင်အထည်ဖော်ရေး နည်းလမ်းများကို ဆွေးနွေးရမည်။ အစည်းအဝေးတက်ရောက်သူများတွင် ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်မှ အစိုးရအရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အဆင့်အသီးသီးမှ စီမံကိန်းဝန်ထမ်းများ၊ ရပ်ရွာအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် နည်းပညာအဖွဲ့၊ မြို့နယ်အဆင့် အကြံပေးအဖွဲ့၊ စိတ်ပါဝင်စားသော NGO များ၊ လူမှုအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ ပါဝင်သည်။

၇၅။ ပြည်ထောင်စုအဆင့်သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ် ဆွေးနွေးပွဲတွင် ကျေးလက်/ဦးစီး(ရုံးချုပ်)မှ စီမံကိန်းနှစ်အတွင်း ဆောင်ရွက်ခဲ့သော အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို နည်းပညာဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် လူထုစစ်ဆေးခြင်း ရလဒ်များကို တင်ပြရမည်။ အစည်းအဝေးတက်ရောက်သူများသည် စီမံကိန်းလုပ်ငန်းတိုးတက်မှု အစီရင်ခံစာနှင့် လာမည့်စီမံကိန်းနှစ်အတွင်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် ဆွေးနွေးရမည်။

၇၆။ ပြည်ထောင်စုအဆင့် သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ် ဆွေးနွေးပွဲအပြီးတွင် ကျေးလက်/ဦးစီး ပြည်ထောင်စုအဆင့်သည် အဓိက ဆွေးနွေးချက်များ၊ အကြံပြုချက်များနှင့် မှတ်ချက်များကို အကျဉ်းချုပ်ကာ အစီရင်ခံစာ အကျဉ်း ပြုစုရမည်။ ထိုအစီရင်ခံစာကို ကျေးလက်/ဦးစီးဝက်ဘ်ဆိုက်အပါအဝင် မြို့နယ်ရုံးများနှင့် အခြားလမ်းကြောင်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြဖြန့်ချိရမည်။ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီက ထိုအစီရင်ခံစာကို ဒေသသုံး ဘာသာစကားများဖြင့် ကျေးရွာနှင့် ကျေးရွာအုပ်စု ကြော်ငြာသင်ပုန်းများတွင် ကပ်ထားခြင်း၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအစည်းအဝေးများတွင် တွေ့ရှိချက်များနှင့် အကြံပြုချက်များအပေါ် ဆွေးနွေးခြင်းတို့ဖြင့် အများသိရှိစေရမည်။

၇၇။ ကျေးလက်/ဦးစီးသည် ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အစည်းအဝေးမှ ရရှိသည့် အဓိကအကြံပြုချက်များနှင့် သဘောတူညီချက်များအပေါ် အခြေခံ၍ စီမံကိန်းလက်စွဲကို နောက်စီမံကိန်းနှစ် မစတင်မီ ပြင်ဆင်ပြုစုရမည်။

## ၁၂-၃။ လေ့လာရေးခရီးများ

၇၈။ လူထုဗဟိုပြုစီမံကိန်း၏ ဆောင်ရွက်ဆဲ လေ့လာသင်ယူခြင်း၏ အစိတ်အပိုင်းအဖြစ် ကျေးလက်/ဦးစီးသည် ပုံမှန်လေ့လာရေးခရီးများကို မြန်မာပြည်တွင်း စီမံကိန်းမြို့နယ်များနှင့် စီမံကိန်းအဖွဲ့ကို သဏ္ဍာန်တူ စီမံကိန်း ဆောင်ရွက်နေသော နိုင်ငံခြားသို့ စေလွှတ်လေ့လာစေမည်ဖြစ်သည်။ ဤလေ့လာရေးခရီးများသည် ကောင်းမွန်သော လုပ်ငန်းစဉ်များကို ဖြန့်ဝေရန်နှင့် လူထုဗဟိုပြုစီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ စီမံကိန်းအဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။

## ၁၃။ အသိပေးကြေညာခြင်း

၇၉။ စီမံကိန်းနှင့်သက်ဆိုင်သော အဓိကစာရွက်စာတမ်းများကို အများပြည်သူ သိရှိနိုင်စေရန် ထုတ်ပြန်ရမည်။ ဘဏ္ဍာရေးဆိုင်ရာ၊ နည်းပညာ၊ လူထုစစ်ဆေးခြင်း၊ ဝယ်ယူရေးဆိုင်ရာ စာရွက်စာတမ်းများနှင့် စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲပါ စာရွက်စာတမ်းများ ပါဝင်သည်။ စီမံကိန်းအကြောင်းအား စီမံကိန်း စာမျက်နှာဖြစ်သော www.cdd.drdmyanmar.org သည် စီမံကိန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ချပြရှင်းလင်းရန် အဓိကနေရာ ဖြစ်သည်။ ထို့ပြင် စီမံကိန်းနှင့် စပ်လျဉ်းသော အထောက်အထားများကို သက်ဆိုင်ရာ ရပ်ရွာအတွင်း အများသူငါ အလွယ်တကူ သိရှိစေရန် တတ်နိုင်သမျှ ထုတ်ပြန်ကြေညာပေးရမည်။ စီမံကိန်းလက်စွဲတွင် ဖော်ပြပါရှိသော အထောက်အထားစာရွက်စာတမ်းများကို ချပြရှင်းလင်းပေးရမည်ဖြစ်ပြီး ကြော်ငြာသင်ပုန်းတွင် ကပ်ထားပေးရမည်။

၈၀။ အောက်ပါစာရွက်စာတမ်းများကို မြန်မာဘာသာဖြင့် ရေးသား၍ ကျေးရွာနှင့် ကျေးရွာအုပ်စုရုံးခန်းများတွင် ထားရှိပေးရမည်။ စာရွက်စာတမ်းများ၏ ကောက်နုတ်ချက် အကျဉ်းချုပ်ကို မြန်မာဘာသာဖြင့်လည်းကောင်း၊ ဒေသသုံးဘာသာဖြင့် လည်းကောင်းရေးသား၍ ကျေးရွာနှင့် ကျေးရွာအုပ်စု ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားရမည်။ ကျေးလက်/ဦးစီးမြို့နယ်ရုံးက အထောက်အထားမိတ္တူအားလုံးကို သိမ်းဆည်းထားပြီး လူထုအားလည်း ကြည့်ရှုခွင့်ရနိုင်ရန် စီစဉ်ထားပေးရမည်။

- (က) နှစ်စဉ်မြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းခွဲ တည်နေရာများနှင့် ကျေးရွာအုပ်စုအလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေ
- (ခ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် မိတ္တူတစ်စောင်
- (ဂ) စီမံကိန်းလက်စွဲ စာအုပ်
- (ဃ) စီမံကိန်းလုပ်ငန်းခွဲ ဘဏ္ဍာရေးစစ်ဆေးချက် အစီရင်ခံစာ
- (င) နှစ်ပတ်လည် စီမံကိန်း သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်မှု အစီရင်ခံစာ
- (စ) မြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းခွဲအားလုံး၏ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအမံများနှင့် စေတနာအလျောက် လှူဒါန်းမှုပုံစံများ

၈၁။ ကျေးလက်/ဦးစီး ပြည်ထောင်အဆင့်သည် အောက်ပါစာရွက်စာတမ်းများကို မြန်မာဘာသာဖြင့် ပြုစုပြီး ပြည်ထောင်စုအဆင့်တွင် ရယူ အသုံးပြုနိုင်အောင် စီမံထားရှိရမည်။ စီမံကိန်းဝက်ဘ်ဆိုက်တွင်လည်း လွှင့်တင်ထားရှိရမည်။

(က) နှစ်စဉ်စီမံကိန်းတည်နေရာများ (ကျေးရွာအုပ်စုများ) နှင့် ခွဲဝေချထားပေးသော ရန်ပုံငွေ

(ခ) နှစ်ပတ်လည် ဘဏ္ဍာရေး စာရင်းစစ်အစီရင်ခံစာ

(ဂ) နှစ်ပတ်လည် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာ

(ဃ) နှစ်ပတ်လည် လူထုစစ်ဆေးပွဲ အစီရင်ခံစာ

(င) နှစ်ပတ်လည် စီမံကိန်းသက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်မှု အစီရင်ခံစာ

(စ) စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲ

(ဆ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်

## ၁၄။ အရေးပေါ်ကိစ္စ တုံ့ပြန်ဖြေရှင်းခြင်း

၈၂။ လူထုဗဟိုပြုစီမံကိန်းတွင် မမျှော်လင့်နိုင်သော ကိစ္စရပ်များအတွက် စီမံကိန်းရန်ပုံငွေကို အသုံးပြုဆောင်ရွက်နိုင်သော အစိတ်အပိုင်းပါရှိသည်။ ပဋိပက္ခ သို့မဟုတ် အရေးပေါ်ကိစ္စများ အကျုံးဝင်သည်။ ဥပမာ - သဘာဝ ဘေးအန္တရာယ် စသည်တို့ ဖြစ်သည်။ ထိုပဋိပက္ခ သို့မဟုတ် အရေးပေါ်ကိစ္စ ပေါ်ပေါက်လာပါက တုံ့ပြန် ဖြေရှင်းရန် စီမံကိန်းရန်ပုံငွေ ရရှိနိုင်မှု ရှိ/မရှိကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းရမည်။ ရန်ပုံငွေ အသုံးပြုရန် မြန်မာနိုင်ငံတော်အစိုးရက မူကြမ်းပြုစုထားသော လူထုဗဟိုပြုစီမံကိန်း၏ ဘဏ္ဍာရေးဆိုင်ရာ သဘောတူညီချက်ပါ မမျှော်လင့်နိုင်သော အရေးပေါ်အခြေအနေ တုံ့ပြန်အကောင်အထည်ဖော်ရေး စီမံချက်ကို ခြုံငုံမိသော ချက်ချင်း တုံ့ပြန် ဆောင်ရွက်ရေး ယန္တရား အကောင်အထည်ဖော်ရေးလက်စွဲတွင် ဖော်ပြပါရှိသည်။ လက်စွဲတွင် အရေးပေါ်အခြေအနေ တစ်ခုစီအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်အကောင်အထည်ဖော်ရေး စီမံချက် သီးခြား ရေးဆွဲ၍ ဆောင်ရွက်နိုင်သော အစီအစဉ်များ သတ်မှတ်ရမည်။ ကျေးရွာနှင့် မြို့နယ်ရှိ သဘာဝ ဘေးအန္တရာယ်အတွက် ပြင်ဆင်ထားမှုများနှင့် အရေးပေါ်ကိစ္စ ပေါ်ပေါက်လာပါက တုံ့ပြန်ဖြေရှင်းရေး နည်းလမ်းများကို အခန်း (၂)၊ အပိုင်း - ၉ တွင် ဆွေးနွေးတင်ပြထားသည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ

| ကိစ္စ | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြံ့ခိုင်အောင် ဆောင်ရွက်ပုံ |
|---|---|
| (၁) ဆူညံသံ | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံးလုပ်ငန်းကို အနှောင့်အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်တွင် လုပ်ကိုင်ရမည်။<br>(ခ) ကာရံခြင်း၊ ပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်း အစရှိသော အသံဆူညံမှုကို ထိန်းပေးသော ပစ္စည်းများ၊ နည်းလမ်းများအသုံးပြုခြင်း (ဆူညံသော အင်ဂျင်စက်သံငြိမ်စေရန် အသံတိုးစေသောပစ္စည်းအသုံးပြုခြင်း သို့မဟုတ် အကြီးမြန်သော အပင်များ စိုက်ပျိုးပေးခြင်း)။<br>(ဂ) ရွာတွင်းမှဖြတ်၍ ပစ္စည်း သယ်ယူပို့ဆောင်ခြင်းကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း။<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဇုန်အကြား ခြား၍ထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း (ဥပမာ- ကွက်လပ်၊ သစ်ပင်တန်း၊ စိုက်ပျိုးမြေ)။ |
| (၂) တိုက်စားခြင်း | (က) ပွင့်လင်းရာသီတွင် ဆောက်လုပ်ခြင်း။<br>(ခ) ကုန်းစောင်းဆင်းလျှော အနည်းဆုံးဖြစ်စေခြင်း။<br>(ဂ) မြက်စိုက်ပေးခြင်း၊ ဒဏ်ခံသောမြေဖုံးလွှမ်း၍ သိပ်သည်းအောင် လုပ်ခြင်း။<br>(ဃ) ဆောက်လုပ်ရေးလုပ်ငန်း ပြီးလျှင်ပြီးခြင်း အပေါ်ယံမြေဆီလွှာ ပြန်ဖုံးအုပ်၍ မြက်အပေါက်မြန်သော အပင်၊ ချုံ စသည်တို့ ပြန်စိုက်ပေးခြင်း။<br>(င) တည်ဆောက်ပြီးသောအခါ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ရမည်။ စောက်လွန်းသော ရေဆင်းဖြစ်ပါက ထန်းခေါက်ဖျာ၊ ဂုန်နီ စသည်တို့ဖြင့် ခင်းပေးနိုင်သည်။ |
| (၃) လတ်ဆတ် သန့်စင်သောလေ | (က) ဖုန်မထစေရန် လုပ်ငန်းခွင်များတွင် အချိန်မှန် ရေဖျန်းပေးရမည်။<br>(ခ) လုပ်ငန်းခွင် သန့်ရှင်းရေးလုပ်ရာတွင် သစ်ပင်၊ သစ်ရွက် သို့မဟုတ် ဆောက်လုပ်ရေး အမှိုက်များကို မီးမရှို့ပါနှင့်။<br>(ဂ) လေတိုက်သောနေ့တွင် လွင့်ခြင်း၊ အကောင်ပလောင်များ နှောင့်ယှက်ခြင်း ကင်းဝေးစေရန် သဲပုံ၊ ကျောက်ပုံများကို ဖုံးလွှမ်းထားပါ။ |

| ကိစ္စ | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြံ့ခိုင်အောင် ဆောင်ရွက်ပုံ |
|---|---|
| (၄) ရေရရှိရေးနှင့် ရေအရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးကို မထိခိုက်စေရ။<br>(ခ) မိလ္လာ၊ အမှိုက်၊ အဆိပ်အတောက်ဖြစ်စေသော အရာများကို ရေထဲသို့မချရ။<br>(ဂ) သဘာဝရေစီးကြောင်းကိုပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်းမပြုရ၊ မြစ်၊ ချောင်းကြမ်းပြင် ခြောက်သွေ့စေခြင်း၊ အနည်ထိုင်သောင်ထွန်းခြင်းတို့ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကိုရေထဲတွင် လုပ်ရပါက တတ်နိုင်သမျှ ခွဲခြားထားရမည်။ ရေထဲသို့စီးဝင်သည့် မြောင်းနှင့်လည်း ခွဲခြားရမည်။ |
| (၅) အမှိုက်နှင့် အဆိပ်အတောက် ဖြစ်စေသော ပစ္စည်းများ | (က) ဆောက်လုပ်ရေးအမှိုက်သရိုက်များကို စနစ်တကျ ပြုလုပ်ထိန်းသိမ်းထားသော နေရာတွင်သာ ပစ်ရမည်။<br>(ခ) အမှိုက်ပုံ (ဖောင်ဒေးရှင်းအတွက် တူးထားသော မြေအပါအဝင်) သည် မြစ်၊ ချောင်း၊ ရေကန်၊ ရေနက်ကွင်းတို့နှင့် မီတာ ၃၀၀ (ပေ ၁၀၀၀) ကွာဝေးရမည်။<br>(ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများ ပြောင်းရွှေ့ခြင်းတို့ကို လူနေအိမ်ခြေနှင့် ဝေးရာတွင် ဆောင်ရွက်ရမည်။ (ရေမြောင်းမှ မီတာ ၅၀ (၁၆၅ ပေ) နှင့် အရေးကြီးသောရေကန်၊ မြစ်၊ ချောင်းမှ မီတာ ၁၀၀ (ပေ ၃၃၀) ဝေးကွာစေရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသောပစ္စည်းများ ပြောင်းရွှေ့မည့် အလုပ်သမားများကို လက်အိတ်၊ ဖိနပ်၊ ခါးစည်းအဝတ်၊ မျက်မှန်နှင့် အခြားကာကွယ်ရေးပစ္စည်းများ အသုံးပြုတတ်အောင် သင်ကြား လေ့ကျင့်ပေးရမည်။<br>(င) အသေးစား ပြုပြင်ထိန်းသိမ်းရေး ပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ ဆီစစ်၊ ဆီအဟောင်းများကို စနစ်တကျ စွန့်ပစ်ရမည်။ |

| ကိစ္စ | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြံ့ခိုင်အောင် ဆောင်ရွက်ပုံ |
|---|---|
| (၆) အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး | (က) အလုပ်သမားများကို လက်အိတ်၊ ဖိနပ်၊ ခါးစည်းအဝတ်၊ မျက်မှန် အစရှိသော ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးရမည်။<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းရေး နေ့စဉ်လုပ်ရမည်။<br>(ဂ) ငရဲမီးနှင့် အဆိပ်အတောက်ပစ္စည်းများကို စနစ်တကျ လုံအောင် ပိတ်ဆို့၍ စွန့်ပစ်ရမည်။<br>(ဃ) ရွာပြင်တွင် အလုပ်သမားများအတွက် အိမ်သာကို လုံလောက်စွာ ထားပေးရမည်။<br>(င) ဆောက်လုပ်ရေးဧရိယာနှင့် ပစ္စည်းသိုလှောင်သော နေရာကို ကြိုးတားပြီး သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရမည်။ ကလေးများ လုပ်ငန်းခွင်ဧရိယာတွင် ဆော့မနေစေရ။<br>(စ) မြေယူရန် တူးထားသော တွင်းများကို ရေမဝပ်စေရန် ဆောက်လုပ်ရေးဆောင်ရွက်ပြီးချိန်တွင် ပြန်ဖို့ရမည်။<br>(ဆ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် ဆေးဝါး အစုံအလင်ပါရှိသော ဆေးသေတ္တာ ထားရှိရမည်။ |
| (၇) အခြား | (က) လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်း၊ ပျက်စီးစေခြင်းမရှိစေရ။<br>(ခ) အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ တောတိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ အပင်များ ခူးယူခြင်း မပြုရ။<br>(ဂ) သုံးစွဲရန် အတည်ပြုထားသော ပစ္စည်းများမှအပ သုံးစွဲခြင်း မပြုရ။ (ခဲ ပါဝင်သော သုတ်ဆေး၊ ကျောက်ဂွမ်း စသည်)<br>(ဃ) ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာများ ရှောင်ကြဉ်ရမည်။ |

## စီမံကိန်းပထမနှစ်တွင် အကျုံးဝင်သောလုပ်ငန်းခွဲများ

စီမံကိန်းပထမနှစ်တွင် လေ့လာရင်း သင်ယူရန် လုပ်ငန်း ဆောင်ရွက်ရမည်ဖြစ်သောကြောင့် အောက်ဖော်ပြပါ လုပ်ငန်းများမှ နှစ်သက်ရာ ရွေးချယ်ဆောင်ရွက်နိုင်သည်။

| စီမံကိန်းလုပ်ငန်းခွဲခွင့်ပြုစာရင်း | | ခွင့်ပြုထားသည့် အမျိုးအစားအလိုက် ရှင်းလင်းချက်နှင့် ကန့်သတ်ချက်များ |
|---|---|---|
| ၁ | ကျေးလက်ဆေးပေးခန်း | လက်ရှိအဆောက်အအုံအား ပြန်လည် ပြုပြင်ခြင်း သို့မဟုတ် အသေးစား တိုးချဲ့ခြင်း |
| ၂ | ကျောင်းအဆောက်အအုံ | လက်ရှိ အဆောက်အအုံအား ပြန်လည် ပြုပြင်ခြင်း သို့မဟုတ် အသေးစား တိုးချဲ့ခြင်း |
| ၃ | ကျေးလက်လမ်းများ (ကျေးရွာချင်း ဆက် လမ်းများ၊ ရွာများနှင့် မြို့နယ် များ ကြားရှိ လမ်းများ) | လက်ရှိလျှောက်လမ်းများနှင့် လမ်းများ၏ ဖြောင့်တန်းမှုများကို ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် ပြုပြင် ထိန်းသိမ်းခြင်း၊ တံတားငယ်များနှင့် မြေအောက် မြောင်းပိုက်လိုင်းများအား ပြန် လည် တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။ |
| ၄ | ကျေးလက်ရေပေးဝေမှုစနစ်များ | ရေတွင်းများ၊ မိုးရေလှောင်ကန်များအား ပြန်လည် ပြုပြင်ခြင်း သို့မဟုတ် အသေးစား တိုးချဲ့ခြင်း၊ ဧရာဝတီမြစ်၏ မြစ်မပေါ်သို့ မေခနှင့် မေလိခမြစ်လက်တက်များအပေါ် သို့မဟုတ် မြစ်လက် တက်များတစ်လျှောက်တွင် တည်ရှိနေခြင်းမဟုတ်သော သဘာဝ မြစ်ချောင်းများ သို့မဟုတ် ရေအရင်းအမြစ်များမှ အသေးစား ရေ ပိုက်လိုင်း သွယ်တန်းခြင်း |
| ၅ | ကျေးလက် လျှပ်စစ်မီးရရှိရေး ရင်းနှီး မြှုပ်နှံမှုများ | နေရောင်ခြည်စွမ်းအင်ပြားနှင့် အားသွင်းရန် နေရာ၊ အသေးစား ရေအားလျှပ်စစ် (၃၀ ကီလိုဝပ်ထက် နည်းသော)၊ နေရောင်ခြည် စွမ်းအင်သုံး လမ်းမီးစနစ်၊ ဇီဝဓာတ်ငွေ့ဖြည့်တင်းရာ နေရာ၊ ဒီဇယ်သုံးမီးစက် (၂၀ kilovolt-amps ထက်နည်းသော)၊ ဇီဝ လောင်စာသုံး မီးစက် (၁၅ kilovolt-amps ထက် နည်းသော) |
| ၆ | အများပြည်သူ အပန်းဖြေရာ နေရာများ | ကလေးထိန်းနေရာများနှင့် ဆက်သွယ်ရေးဆိုင်ရာနေရာများ အပါ အဝင် လက်ရှိအဆောက်အအုံနေရာများအား ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသေးစားတိုးချဲ့ခြင်း |
| ၇ | ကျေးလက်ဈေး | လက်ရှိ အဆောက်အအုံအား ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသေးစား တိုးချဲ့ခြင်း |
| ၈ | အသေးစားရေပေးဝေခြင်း | ပြန်လည်ပြုပြင်ခြင်း (၂၅ ဟက်တာအောက်) |

| စီမံကိန်းလုပ်ငန်းခွဲခွင့်ပြုစာရင်း | | ခွင့်ပြုထားသည့် အမျိုးအစားအလိုက် ရှင်းလင်းချက်နှင့် ကန့်သတ်ချက်များ |
|---|---|---|
| ၉ | မိလ္လာအသုံးအဆောင်များ | အများသုံး အိမ်သာများ၊ အသေးစား ရေဆိုးသန့်စင်စက်နှင့် အမှိုက်စွန့်ပစ်ရာ နေရာများကို ပြန်လည်ပြုပြင်ခြင်း၊ အသေးစား တိုးချဲ့ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း။ |
| ၁၀ | ဆိပ်ကမ်း | လက်ရှိအဆောက်အအုံအား ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသေးစား တိုးချဲ့ခြင်း။ |

## အကျုံးမဝင်သောစီမံကိန်းလုပ်ငန်းများ

| | |
|---|---|
| ၁ | မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးကော်မတီက အတည်ပြုထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် မပါဝင်သောလုပ်ငန်း |
| ၂ | ဆင်းရဲနွမ်းပါးသူများနှင့် ဘေးဖယ်ကြဉ်ခံအုပ်စုများ ပါဝင်ခြင်း မရှိသော လုပ်ငန်း |
| ၃ | အမျိုးသမီးများနှင့် အမျိုးသားများ၏ တူညီသောလုပ်အားအတွက် တူညီသော လုပ်အားခ ပေးချေခြင်း မရှိသောလုပ်ငန်း |
| ၄ | ရွာသားများ နေရာပြောင်းရွှေ့ရန်၊ ဖယ်ရှားရန် လိုအပ်သော လုပ်ငန်း |
| ၅ | မြေယာ သို့မဟုတ် ပိုင်ဆိုင်မှု တစ်စုံတစ်ရာ ဆုံးရှုံးခြင်းအတွက် ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေ သို့မဟုတ် အခြား အစိုးရပိုင်းမှ ရရှိသော ငွေကြေးများမှ လျော်ကြေးအဖြစ်ပေးရန် လိုအပ်သောလုပ်ငန်း |
| ၆ | ပုဂ္ဂလိကကုန်ပစ္စည်းများ၊ ပုဂ္ဂလိက အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၊ အစိုးရရုံးများ သို့မဟုတ် ဘာသာရေးအဆောက်အအုံများအား ငွေကြေးထောက်ပံ့ထားသော လုပ်ငန်းများ |
| ၇ | လိုအပ်သည့်နည်းပညာပိုင်းနှင့် အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လုပ်ငန်း |
| ၈ | ပြန်လည်မပြင်ဆင်နိုင်သော သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှုရေးဆိုင်ရာ ထိခိုက်မှုများရှိသော တိုးပွားလာမည့် အကျိုးသက်ရောက်မှုများ ဖန်တီးနိုင်သော သို့မဟုတ် ထိရောက်စွာ လျှော့ပါးအောင် ပြုလုပ်နိုင်ခြင်း မရှိသော လုပ်ငန်း |
| ၉ | အစိုးရ သို့မဟုတ် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များမှ ငွေကြေးထောက်ပံ့သော သို့မဟုတ် ငွေကြေးထောက်ပံ့ရန် အစီအစဉ်ရေးဆွဲထားသောလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းခွဲ ထိန်းသိမ်းရေးလုပ်ငန်းများတွင် အသက် (၁၅) နှစ်အောက်ငယ်သော ကလေးများအား ခိုင်းစေခြင်းမပြုရ |

| | |
|---|---|
| ၁၀ | ဆေးဝါးများ၊ စစ်သုံးပစ္စည်းကိရိယာများ၊ ကျောက်ဂွမ်း (၎င်းပါဝင်သော ပစ္စည်းများ) ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ သံကြိုးတပ်လှေများအပါအဝင် အန္တရာယ်ရှိနိုင်သော ပစ္စည်းများနှင့် ကိရိယာများ အသုံးပြုခြင်း သို့မဟုတ် ဝယ်ယူခြင်း သို့မဟုတ် ယဉ်ကျေးမှုအရင်းအမြစ်များ အပါအဝင် အသက်မွေးဝမ်းကျောင်းမှုနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်သော အခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသောလုပ်ငန်း |
| ၁၁ | ကလေးသူငယ် အလုပ်သုံးစားမှု၊ ကလေးသူငယ် ခေါင်းပုံဖြတ်မှု သို့မဟုတ် လူကုန်ကူးခြင်းတို့ ဖြစ်ပွားနိုင်သည့် လုပ်ငန်းများ ပါဝင်နေသောလုပ်ငန်း |
| ၁၂ | အတင်းအဓမ္မစေခိုင်းခြင်းခံရသော လုပ်သားများ အသုံးပြုသည့် လုပ်ငန်းများ |
| ၁၃ | ရေလှောင်တမံအသစ် ဆောက်လုပ်ခြင်း သို့မဟုတ် ရေလှောင်တမံများအား တည်ဆောက်မှုဆိုင်ရာ သို့မဟုတ် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ခြင်း အပါအဝင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း |
| ၁၄ | ဧရာဝတီမြစ်၏ မြစ်မကြီးပေါ်တွင် လူထုရေပေးဝေခြင်း၊ အသေးစားဆည်ရေသွယ်တန်းခြင်း သို့မဟုတ် အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများ အပါအဝင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလမ်းမှ ရေကို အသုံးပြုမည့် စီမံကိန်းလုပ်ငန်းခွဲများ၊ ဧရာဝတီမြစ်၏ မြစ်လက်တက်များဖြစ်သော မေခနှင့် မေလိခမြစ်များပေါ် သို့မဟုတ် တစ်လျှောက်တွင် လူထုရေပေးဝေခြင်းနှင့် အသေးစားဆည်ရေသွယ်တန်းခြင်းလုပ်ငန်းများအတွက်လည်း စီမံကိန်းက ငွေကြေးထောက်ပံ့ပေးမည် မဟုတ်ပေ |
| ၁၅ | ကာကွယ်စောင့်ရှောက်ထားသော မြေဧရိယာ၊ သစ်တောကြိုးဝိုင်း သို့မဟုတ် အဆိုပြုထားသော မြေဧရိယာ သို့မဟုတ် အခြား သဘာဝဇာတိမြေ သို့မဟုတ် အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ထားသော မြေဧရိယာများပေါ်တွင် သို့မဟုတ် စီမံခန့်ခွဲမှု အစီအမံများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သီးသန့် ကြိုတင်စီစဉ်ထားသော ရင်းနှီးမြှုပ်နှံမှုများ မဟုတ်ဘဲ အဆိုပါ သဘာဝဇာတိမြေများ သိသာထင်ရှားသော ပြောင်းလဲမှု ဆုံးရှုံးမှု သို့မဟုတ် လျော့ပါးမှုများဖြစ်ပေါ်ရန် အလားအလာရှိသည့် အသစ်ဆောက်လုပ်ခြင်းနှင့် သို့မဟုတ် ပြန်လည်ပြုပြင်ခြင်း<br>မှတ်ချက် ။ ။ သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းခွဲမှာ ပန်းခြံတည်ဆောက်မှု/ စီမံခန့်ခွဲမှု အစီအမံများနှင့် ကိုက်ညီပြီး ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ သဘောတူညီချက်နှင့် ကိုက်ညီပါက ယခင်ကတည်းက ဆောက်လုပ်ထားသောတည်ရှိပြီး အခြေခံအဆောက်အအုံများအား ပြန်လည်ပြုပြင်ခြင်း (ဥပမာ- ခရီးသွားလုပ်ငန်းအတွက် လျှောက်လမ်းများ သို့မဟုတ် လမ်းကြောင်းများကို ပြုလုပ်နိုင်သည်။) |
| ၁၆ | အဓိကကျသော ဇာတိမြေများ၊ ကာကွယ်ထားသော မြေဧရိယာများ၊ အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ရန် အဆိုပြုခံထားရသော မြေဧရိယာများ (ဥပမာ- သစ်တောကြိုးဝိုင်းများ) တွင် နေရာရွှေ့ပြောင်းခြင်း သို့မဟုတ် ရှိပြီးသား နေရာထိုင်ခင်းများအား တိုးချဲ့ခြင်းတို့ ပါဝင်သောလုပ်ငန်း<br>မှတ်ချက်။ ။ နေရာထိုင်ခင်းများ ရှိနေပြီးဖြစ်သောနေရာများတွင် ရန်ပုံငွေအဆိုပြုလွှာသည် နေရာ စီမံခန့်ခွဲမှုဆိုင်ရာ ဒေသန္တရစည်းမျဉ်းများနှင့် ကာကွယ်ထားသော မြေဧရိယာများ၊ စီမံခန့်ခွဲခြင်းဆိုင်ရာ အခြားသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသင့်သည်။ |

# လူထုဗဟိုပြု စီမံကိန်း

"ကျေးလက်လူထုအခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု"




ဆက်သွယ်ရန်

လူထုဗဟိုပြုစီမံကိန်း ရုံးအဖွဲ့

ရုံးအမှတ် ၁၄၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်၊ မြန်မာ။

တယ်လီဖုန်း၊ ဖက်စ် + ၉၅ ၆၇ ၄၀၉၄၁၃။
www.cdd.drdmyanmar.org